www.burmeseclassic.com

ပဒုက္ကာဦးအုံးဖေ စာပေဆုရ

# ပွင့်ပန်းသီဂီကဗျာများ

## ဇာနည်



www.burmeseclassic.com

www.burmeseclassic.com

၂၀၀၆ ခုနှစ်၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု

ကဗျာပေါင်းချုပ် ဒုတိယဆုရ

# ပွင့်ပန်းသိင်္ဂီ ကဗျာများ

## ဇာနည်

စီစဉ်တည်းဖြတ်သူ - ဦးစန်းတင့် (တက္ကသိုလ် ဆန်းတင့်နိုင်)
စာတည်း
အဖုံးပန်းချီ - ကံကောင်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၈ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀

တန်ဖိုး ( ၄၀၀ ) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေစိစစ်ရေးနှင့်မှတ်ပုံတင်ဌာန ဦးစီးဌာန
စာပေဗိမာန် စာတည်းမှူးချုပ် က
မှတ်ပုံတင်အမှတ် ၀၇၄၂၉ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့်ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေ
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေ
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေ

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှ
သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှ
ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | ကဗျာခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁။ | သဘာဝနှင့် အလှပြည် | ၁ |
| ၂။ | ခေတ်သဘာဝ | ၃ |
| ၃။ | လှူရပ်ခွင် | ၄ |
| ၄။ | အကြည့်စိမ်းနှင့် အစိမ်းမြင် | ၆ |
| ၅။ | ယဉ်ကျေးမှုဟန် | ၈ |
| ၆။ | မောဟမှောင် | ၁၀ |
| ၇။ | မေတ္တာအိမ် | ၁၁ |
| ၈။ | နှလုံးသားထဲက လှအဖူး | ၁၂ |
| ၉။ | ရှုက်ဖွယ် | ၁၄ |
| ၁၀။ | ရွာတော့ရွှေမိုး | ၁၆ |
| ၁၁။ | သောကရိပ်မြုံ | ၁၈ |
| ၁၂။ | အမှားဉာဏ် | ၂၀ |
| ၁၃။ | ရောင်စုံပွင့်သည့် ပန်းကလေးများ | ၂၂ |
| ၁၄။ | ခရီးလမ်း | ၂၅ |
| ၁၅။ | ဆောင်းဦးလယ်ယာ | ၂၆ |
| ၁၆။ | မန်းတောင်ထိပ်ဝယ် | ၂၈ |
| ၁၇။ | ရွာအလွမ်း | ၃၀ |


www.burmeseclassic.com

www.burmeseclassic.com


| ကဗျာခေါင်းစဉ် | စာမျက်နှာ |
|---|---|
| ဘဝလောကစံ | ၃၁ |
| ဂုဏ်ဖြိုးနှင့် တို့ရပ်မြေ | ၃၃ |
| ကျေးရှုးဂုဏ် | ၃၅ |
| လောက ကမ္ဘာမြေ | ၃၇ |
| အနော်မာကမ်း လွမ်းပန်းချီ | ၃၉ |
| ထိုအဖြေ | ၄၁ |
| လမ်းခွဲသရုပ် | ၄၂ |
| ထူးကဲလှသည့် အညာမြေ | ၄၃ |
| လေလွင့်တိမ် | ၄၄ |
| အလှဇာတိ | ၄၆ |
| ဆည်ရေသောက်သည့် ရွာကလေး | ၄၈ |
| အရှုံခံ့သည့် အနုပညာ | ၅၀ |
| ဘဝရတနာ | ၅၁ |
| ရွာမှ ဆိုးတေ | ၅၃ |
| ဘဝတန်ဖိုး | ၅၆ |
| ဆောင်းညပွဲ | ၅၈ |
| အလင်းဂုဏ် | ၅၉ |
| တံလျှပ်မြူ | ၆၀ |
| ရွာရှုခင်း | ၆၂ |
| တောရိပ်တောင်စွယ် | ၆၃ |
| လွမ်းရိပ်ဝေ | ၆၅ |
| ရင်မှာစွဲငြိ ပီတိအား | ၆၆ |
| ဘဝမိုးတိမ် | ၆၈ |
| တောရိပ်ညိုလှ ကေစာရီ | ၆၉ |

| စဉ် | ကဗျာခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၄၂။ | အရွယ် | ၇၁ |
| ၄၃။ | ဘဝအလှ ဝန်းကျင်နယ် | ၇၃ |
| ၄၄။ | အရိပ်ပမာ | ၇၅ |
| ၄၅။ | လှမ်းခဲ့ပါ ပျို့ကိုရင် | ၇၇ |
| ၄၆။ | တိမ်နှင့်ဆောက်သည့် အိမ် | ၇၉ |
| ၄၇။ | ဘဝနှင့် ဘဝင် | ၈၁ |
| ၄၈။ | မယ်တို့ရွာ | ၈၂ |
| ၄၉။ | ချစ်စရိုက် အမွေ | ၈၄ |
| ၅၀။ | ပြေးလမ်း | ၈၆ |
| ၅၁။ | မာနမြေမှာ | ၈၇ |
| ၅၂။ | ပျော်ဝင်ခြင်း | ၈၈ |
| ၅၃။ | အလှဂုဏ် | ၈၉ |
| ၅၄။ | ချစ်သူရဲ့ရင်ခွင် | ၉၀ |
| ၅၅။ | မာနပြယ်ချိန် | ၉၂ |
| ၅၆။ | အချိန်ခါ နှင့် တန်ဖိုး | ၉၃ |
| ၅၇။ | အတွေးမဲ့ | ၉၅ |
| ၅၈။ | ချစ်ရိပ် | ၉၇ |
| ၅၉။ | ချစ်ခြင်းမဲ့ ငွေလမင်း | ၉၉ |
| ၆၀။ | သရုပ်ဆောင် | ၁၀၁ |
| ၆၁။ | ဝေဒနာအပူ | ၁၀၃ |
| ၆၂။ | ဘယာကင်းဝေး ငြိမ်းအေးမြေ | ၁၀၄ |
| ၆၃။ | လောကအလှ | ၁၀၅ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# သဘာဝ နှင့် အလှပြည်

❀ ရွှေရင်ကြော့ကြော့၊ ဦးလည်မော့၍
တွန်တော့မလို၊ ပျံမလိုနှင့်
တေးချိုမြူးသွက်၊ ဥဒေါင်းငှက်သို့
သက်ဝင်တည်ခွံ၊ ရှုတိုင်းသန့်၏။

❀ မှိုင်းမှိုင်းညို့ညို့၊ မို့မို့မောက်မောက်
အနောက်ရိုးမ၊ ရှမ်းရိုးမနှင့်
ရိုးမသွယ်တန်း၊ ပင်လယ်ကမ်းနှင့်
ဆန်းကြွယ်ဆို့ပိတ်၊ နယ်နမိတ်တို့
အေးရိပ်သာယာ၊ ဝန်းရံကာ၏။

❀ စုန်ဆန်ခရီး၊ ရစ်ခွေစီးသည့်
မြစ်ကြီးမြစ်ငယ်၊ အသွယ်သွယ်နှင့်
အံ့ဖွယ်လှပ၊ သဘာဝတို့
လောကဖန်တီး၊ ရှုမငြီး။



www.burmeseclassic.com

www.burmeseclassic.com

❀ မိုးဆောင်းနှင့် နွေ၊ လယ်ယာမြေတို့
ဆည်ရေဖွေးဖွေး၊ စိုက်ပျိုးရေးဟု
အတွေးမှန်ကန်၊ အခြေခံ၍
နိုင်ငံစီးပွား၊ ဝင့်ဝင့်ကြွားခဲ့။

❀ ဤမြေလောက၊ သဘာဝနှင့်
အလှမွေးထုံ၊ စွမ်းအားစုံတို့
လူ့ဘုံကူထောက်၊ ခရီးလျှောက်လျက်
တည်ဆောက်ခိုင်ကျည်၊ အခြေတည်
ထူးကဲဂုဏ်ရည် တို့မြန်ပြည်။ ။



# ခေတ်သဘာဝ

❀ အနှစ်တည်
ခေတ်အမီ ရင်ပေါင်တန်း
ဆောင်စွမ်းပါ့ အစဉ်လာ။

❀ စနစ်အညီ
အသစ်သည် သူငါမလေ့
ပျော်မွေ့သည်သာ။

❀ ဌာနေဘာဝ
စာပေအလှ အနုပညာ
ပန်းမာလာ ရောင်စုံမွှေး။

❀ စရိုက်မပျက်တည်
လိုက်ဖက်ညီ ပုံတစ်မျိုးရယ်နှင့်
ဂုဏ်မညှိုးအောင် ကိုယ့်မူရာတို့
မချို့ပျူငှာ စေတနာသန်းလျှင်ဖြင့်
မဟောင်း အကန့်အကန့်ရယ်နှင့်
အကြောင်းမညံ့ပါဘူး
ကောင်းခွံချင့်တွေး။ ။

www.burmeseclassic.com

www.burmeseclassic.com



# လူ့ရပ်ခွင်

❀ အနေတတ်ရင်တော့
ကျေနပ်စရာပါလေ။

❀ အနေမဟုတ်ရင်တော့
သည်ရုပ် သည်ခန္ဓာတို့
သည်သံသရာ သည်ဒုက္ခ
မုချ အပူဝေ။

❀ ကပ်ကမ္ဘာ
အမြတ်ရတနာ သာသနာအလင်းရယ်တို့
အမှောင်တွင်းမှာ ကြုံဆုံခဲ့ပါဘိ
ဩဃဝဲ သည်အခြေ
မတွေ့ဝေ အနေရဲ့။



❀ စေတနာ
ဝေနေယျာ သတ္တဝါ အများကိုလ
ဆွေပမာ အလွှာမခြားကာဖြင့်
စာနာသနားကာ မေတ္တာယှဉ်လို့
လူ့ရပ်ခွင် လူ့အကျိုးရယ်လို့
သယ်ပိုးကာ စိတ်အလှတွေနှင့်
ဘဝကို အဆင့်မြှင့်ပါလို့
နှစ်ဆပို အကျင့်မြင့်ရင်ဖြင့်
ထူးတင့်မလွဲ။ ။

www.burmeseclassic.com

www.burmeseclassic.com


## အကြည့်စိမ်းနှင့် အစိမ်းမြင်

❁ လောကအလှာ ကမ္ဘာကပ်မှာဖြင့်
ဒေါသဖြာ ငါအမြတ်တွေနှင့်
အဇာတသတ်ရယ်လို့ ဂုဏ်ဟိတ်ကျော်။

❁ အသိဉာဏ်
မပြည့်လျှံ အရွယ်နုသူမို့
အထိမခံ ဘယ်မမှုပါဘူး
အကယ်တန္တ ယှဉ်မလာနှင့်
အလွယ်ရန်ပြု အစဉ်သာကွဲ့
အစွယ်မာန်ထု မကြြင်နာဘူး
မြင်မြင်ရာ အတ္တစွဲ
သတ္တိခဲ ဘဝမော်။

❁ ကြည့်စမ်းပါ
သည်လမ်းမှာ သည်ဘဝမှာဖြင့်
သည်လောကမှာ ငါရောက်လာတော့
ကြောက်စရာ အမြင်အကြည့်တွေက

မထောက်ညှာ ဘဝင်မငြိပါဘူး
ရင်မချည့်စရာ ဝန်းကျင်တစ်ခုလုံး
အတွင်းအပြင်ဖုံး စိုးရွံ့ဟန်နှင့်
မှုမမှန် ဘယ်သဘောပါလိမ့်
စစ်ကြောမိ အဖြေမပေါ်
မသိစိတ်ဖော် အလိုလိုကြမ်း။

❁ အရာရာတွင်
ငါသာလျှင် အနေမြတ်ပါလို့
ဆရာရှင် ဒေဝဒတ်ရယ်နှင့်
အခါခါသင် အဖြေကျပ်ပြီပေါ့
မစာနာချင် အမွေတစ်ရပ်ရယ်ကြောင့်
အဖေသတ်ကံ အမှောင်ဖုံးလေတော့
မူအရှုံးပြု ဒေါသအလွှမ်းမှာဖြင့်
လူလုံးမလှ မနောဟာဒယနွမ်းပါဘိ
အပူလုံးကြွ မောသမျှစခန်းမှာ
ယူကျုံးမရ သောကအမှောင်လမ်း။ ။

www.burmeseclassic.com

www.burmeseclassic.com

## ယဉ်ကျေးမှုဟန်

❀ တို့ရပ်တို့မြေ၊ တို့အမွေသည်
ပဝေသဏီ၊ နှစ်ပေါင်းရှည်ခဲ့
ခိုင်ကျည်လှပ၊ သဘာဝတို့
လောကအဆင့်၊ အသွင်တင့်လျက်
ဂုဏ်မြင့်ထည်ဝါ၊ ကာလကြာပေါ့။

❀ ကိုယ်ပိုင်ရှေးရှု၊ ယဉ်ကျေးမှုဟု
အနုပညာ၊ ပန်တျာနှင့်
စာပေဂီတ၊ သုခုမတို့
ဘဝမြင့်မြတ်၊ လက်မှုတတ်တို့
တည့်မတ်လွှမ်းခြုံ၊ မွေးနံ့ထုံခဲ့
ရိပ်မြုံမလေ့၊ စရိုက်ငွေ့ဝယ်
ကြည့်မွေ့ဘာသာ၊ ကိုယ့်ရိုးရာနှင့်
အကြင်နာလွှမ်း၊ မေတ္တာစွမ်းဖြင့်
ငြိမ်းချမ်းအေးမြ၊ သာယာလှသည်
ထွန်းပမတ်ခိုင်၊ ယနေ့တိုင်။



❀ အစဉ်မျှော်ရှု၊ ဆန်းသစ်မှုတို့
အနုပညာ၊ မျက်နှာစာတွင်
ညင်သာလှုပ်ရှား၊ လိုက်၍စားလျက်
မျိုဝါးဖို့ရွယ်၊ ပရိယာယ်ကို
အစွယ်မမြင်၊ မဆင်ခြင်လျှင်
အစဉ်လာပျောက်၊ ရိုးရာပျောက်၍
စိုးကြောက်ဖွယ်ရာ ရှေ့ခရီး။ ။

www.burmeseclassic.com

www.burmeseclassic.com

## မောဟာမှောင်

❀ ဇရာဗျာဓိ၊ စာအရှိနှင့်
ငါသိပေါင်းဆုံ၊ လက်တွေ့ကြုံလည်း
ရိုပ်မြုံဘဝ၊ အနေကျလျက်
မောဟာအခေါင်၊ ပိန်းပိတ်မှောင်။

❀ သူ့ကြီး ကိုယ့်ကြီး၊ အနှောင်ကြိုးတို့
တိုးလို့ရစ်ပတ်၊ ဘယ်သို့ဖြတ်ပါ
မပြတ်ခိုင်ကျည်၊ တွယ်ငင်မှီ၍
ရှည်လျားရှုပ်ထွေး၊ ကကွက်တေးနှင့်
ရုပ်သေးဘဝ၊ အနေကျလျက်
မောဟာအခေါင်၊ ပိန်းပိတ်မှောင်။

❀ မောဟာလွှမ်း၍
လာလမ်းမသိ၊ ပြန်လမ်းရှိ၏
တွယ်ငြိအစွဲ၊ အနေရဲလည်း
မစဲဖြစ်ချုပ်၊ သည်နာမ်ရုပ်တို့
တဖြုတ်ဖြုတ်ကြွေ၊ အိုနာသေက
လာလေလက်ကမ်းကြိုနေပေါ့။ ။



## မေတ္တာအိမ်

❀ သန့်ရှင်းသည့် မေတ္တာမှန်'
အခြေခံ တည်ဆောက်ထား။
အမေ့အိမ် မုန်တိုင်းမွှေ့
ခိုင်ပေ့အင်အား။

❀ ချစ်ဦးရဲ့ မေတ္တာရှိန်
စံရိပ်ငြိမ် တည်ဆောက်ထား။
လေတစ်ရှိန် မိုးတစ်ဖွဲမှာ
ပြိုကွဲလို့သွား။ ။

www.burmeseclassic.com

www.burmeseclassic.com


## နှလုံးသားထဲက လှအမှုး

❀ ရွာပြင်အရှေ့
တစ်ကွေ့ရိုးပြတ်၊ တောအစပ်၌
ဒဟတ်သန်းနွှော၊ ရှောင်စုံတောသည်
ရှုမောဖွယ်ညို့၊ မှိုင်းမှိုမှို။

❀ မှိုင်းရီပြာပြာ
ဆည်းဆာရောင်ရှိန်၊ နီလာတိမ်နှင့်
မိန်ရာသီခင်း၊ လေပြည်သင်းသည်
ရင်တွင်းအေးအေး၊ ပန်းမွှေးမွှေး။

❀ ပန်းနံ့ကြူကြူ
ချိုးကူခါတုတ်၊ ဆက်ရက်အုပ်နှင့်
ရွှေဘုတ်ပူညံ၊ ငုံးတွန်သံတို့
တောယံငှက်တေး၊ ငြိမ့်ငြိမ့်အေး။

❀ ငြိမ့်ငြိမ့်ကြည်လင်
ဝန်းကျင်သဘာဝ၊ ယာလုံမတို့
ဘဝတေးဟန်၊ ယာအပြန်တွင်
ဆူညံလှုပ်လှုပ်၊ ဆိတ်တစ်အုပ်။

❀ ဆည်းဆာမှိန်ရီ၊ ရွာပန်းချီကို
ဘယ်ဆီရောက်ရောက်၊ ဘယ်လောက်ဝေးဝေး
အတွေးမြေ့မြေ့၊ ဘယ်မှာမေ့လိမ့်
ချမ်းမြေ့ရွှင်မြူး၊ လှအမှုးမို့
ကြည်နူးစွဲမက်နေပါသည်။ ။

www.burmeseclassic.com

www.burmeseclassic.com


# ရှက်ဖွယ်

❀ ဟိမဝန္တာ၊ ထိုကျောက်ဖြာ၌
ဟသာ်ာဥဒေါင်း၊ ငှက်ပေါင်းစုံလင်
ဘဘင်ဆင်နွဲ၊ စည်းဝေးပွဲ။
❀ ရွှေဟသ်ာမင်း
အဆင်းရှုမငြီး၊ ချစ်သမီးကို
ဆုကြီးအဖြစ်၊ ရွေးစိစစ်၍
ချစ်သူကိုယ်တိုင် ရှာစေ၏။
❀ ဟသ်ာမငယ်၊ ငှက်ပေါင်းလယ်တွင်
အရွယ်ချင့်ဆ၊ ဆန်းကြယ်လှသည်
မျိုးကွဲသွင်ပြင်၊ ဥဒေါင်းမြင်သော်
ချစ်ခင်စုံမက်၊ အိမ်ထောင်ဖက်ဟု
နှစ်သက်ခုံမင် ရွေးချယ်၏။
❀ ဥဒေါင်းငှက်သည်
အရှက်အကြောက်၊ လွင့်စင်ဖျောက်၍
ဝမ်းမြောက်ဝမ်းသာ၊ ငါမှငါဟု
ပမာမခန့်၊ အတောင်ဖြန့်လျက်
ဆန့်ကားအသွင်၊ ကကြိုးဆင်သော်
မမြင်အပ်ရာ၊ မဖွယ်ရာသည့်
ခန္ဓာတွင်းပ၊ ရှိသမျှကို
လှစ်ပြသည့်နှယ်၊ ရှက်စဖွယ်။
❀ ရွှေဟသ်ာမင်း
ရင်တွင်းထိတ်လန့်၊ စိတ်မသန့်တော့
ဟန့်တားပိုင်ကွက်၊ ဥဒေါင်းငှက်ကို
ရှက်ကြောက်မရှိ၊ မဖုံးဖိဘဲ
က သည့်ခြင်းရာ၊ မဖွယ်ရာဟု
ဘယ်မှာသမီး ပေးအံ့နည်း။
❀ ငှက်ပင်ဖြစ်လည်း
စိစစ်မျှော်ရှု၊ ရှက်ကြောက်မှုတို့
နှိုင်းတုလောက်ဖွယ် မြင့်မြတ်ဂုဏ်။ ။

(ကုလာဝကဝဂ်၊ နစ္စဇာတ်)

www.burmeseclassic.com

www.burmeseclassic.com



## ရွာတော့ ရွှေမိုး

❀ မိုးဦးမုတ်သုံ၊ ရွှေပလ္လင်
မာန်ဟုန်ရိုက်နိုး ဖြိုးပါလေ။
ဝဋ္ဋာတစ်ခို၊ ရွှေမိုးညို
ရွာလိုရွာတော့ ရွာပါလေ။
❀ နွေနှောင်းဝန်းကျင်၊ မိုးတိမ်စင်
ရှစ်ခွင်ရပ်တိုင်း မှိုင်းပြီလေ။
ဝဋ္ဋာတစ်ခို၊ ရွှေမိုးညို
ရွာလိုရွာတော့ ရွာပါလေ။
❀ တောတောင်လွန့်လူး၊ ကျေးငှက်မြူး
မိုးဦးတေးဆို ကြိုပြီလေ။
ဝဋ္ဋာတစ်ခို၊ ရွှေမိုးညို
ရွာလိုရွာတော့ ရွာပါလေ။
❀ လယ်ယာအဝန်း၊ လုပ်အားစွမ်း
တမန်းထွန်ယက် ညက်ပြီလေ။
ဝဋ္ဋာတစ်ခို၊ ရွှေမိုးညို
ရွာလိုရွာတော့ ရွာပါလေ။
❀ စိုက်စရိတ်ဖန်၊ မျိုးသီးနှံ
ပြည့်လျှံအသင့် တင့်ပြီလေ။
ဝဋ္ဋာတစ်ခို၊ ရွှေမိုးညို
ရွာလိုရွာတော့ ရွာပါလေ။
❀ ထွန်တုံး ထွန်တံ၊ ထယ်မကျန်
ကြန်စုံနွားနှင့် အားသစ်ဝေ။
ဝဋ္ဋာတစ်ခို၊ ရွှေမိုးညို
ရွာလိုရွာတော့ ရွာပါလေ။
❀ မိုးတွင်းရိက္ခာ၊ ဖူလုံစွာ
ဝမ်းစာဖြည့်လို့ ပြည့်ပြီလေ။
ဝဋ္ဋာတစ်ခို၊ ရွှေမိုးညို
ရွာလိုရွာတော့ ရွာပါလေ။
❀ လယ်ယာလုပ်သား၊ ပြည့်ခွန်အား
ဝင့်ကြွားဂုဏ်ယူ၊ မိုးရန့်ကြူ
လယ်သူ့ရှင်မြူး၊ စိတ်ကြည်နူး
မိုးဦးစောင့်ကြို၊ တေးမြူချို
တိမ်ညိုမှိုင်းမှိုင်း၊ ခု မဆိုင်း
ရှစ်တိုင်းမျှောင်မည်း သည်းပါလေ။
ဝဋ္ဋာတစ်ခို၊ ရွှေမိုးညို
ရွာလိုရွာတော့ ရွာပါလေ။ ။

www.burmeseclassic.com

www.burmeseclassic.com



## သောကရိပ်မြုံ

❀ အရွယ်ရင့်ညှောင်း၊ နေစောင်းလေပြီ
လောဘမုန်တိုင်း၊ မွှေရိုင်းခဲ့လေသည်
ကြောင်းကျိုးနှစ်လီ၊ သွေဖည်မျှော်ကိုး
မောဟိုက်နွမ်းကြွေ၊ ဓာချွေးဝေ
ဖြည့်လေ ပြည့်လိမ့်နိုးရယ်နှင့်လေး။

❀ မာနလျှံခိုး၊ လွှမ်းမိုးအစဉ်
ဒေါသမီးခဲ၊ ရဲရဲတောက်လျက်ပင်
ပြစ်ကျိုးစုံလင်၊ မြော်မြင်မကြည့်
ကြမ်းတမ်းခက်ထန်၊ မောက်မာမာန်
ဘေးရန် အလွန်ငြိသည်နှင့်လေး။

❀ လမ်းမှန်အရှို၊ မသိတွေဝေ
မောဟမျက်ကန်း၊ လျှောက်လှမ်းခဲ့သည်လေ
မှောင်မိုက်အခြေ၊ ယောင်ပေဝိုးဝါး



အမှားအမှန်၊ အခြေခံ
ဝေဖန်ပိုင်းခြား မှားသည်နှင့်လေး။

❀ မရပ်မနား၊ ရှည်လျားသံသရာ
လောဘ ဒေါသ၊ မောဟထုပြောစွာ
အတ္တ နှင့် ငါ၊ အဝိဇ္ဇာမှောင်လွှမ်း
သောကရိပ်မြုံ၊ ဒုက္ခဘုံ
မွေ့လုံ့ အဟုတ် နွမ်းသည်နှင့်လေး။

❀ သည်လမ်း ဓာဖြိုက် နေသာဝင်တော့မည်။
သည်စခန်း မောဟိုက် ဖြေကာမရွှင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အမှားညာဏ်

❀ ဖြစ်သမျှအစဉ် မျိုမသိပ်နိုင်ဘူး
လှစ်ဟညာဉ် ယိုလို့ဖိတ်တယ်
စိတ်ဆိုသော ထိုအရာ။

❀ သူ့ဂုဏ်ရှိန်
သူ့စည်းစိမ် ချမ်းသာအများကိုလ
ဝမ်းသာစကား မဆိုနိုင်ဘူး
အလိုလိုပြိုင်ဆိုင်ချင် သဘောတွေက
မစစ်ကြောပါ ညို့မျက်နှာနှင့်
ဆို့ရတက်ဖြာ အထာချိုချိုပေါ့
ကိုယ့်ထက်သာ မနာလို၍
ဗျာပိုကာ ဝန်တိုဖြစ်
ကောက်ကျစ်ဖို့ရာ။

❀ ထို့နောက်တစ်မူ
ကိုယ့်အောက်လူ နှိမ့်ကာကျရင်ဖြင့်



နှိမ့်ချကာ တစ်ယူသန်လျက်
မတူတန် မာနတရားတွေနှင့်
လူမဆန် အာယာတထားပါလို့
စာနာမသနား မထောက်ညှာ
မောက်မောက်မာ ဝင့်ကာကြွား။

❀ အဘိဇ္ဈာ
ထိတ်စရာ အစစ်သတိ မထားလေတော့
အဝိဇ္ဇာ ညစ်ဖိအားကိုလ
စိတ်တဏှာ အနှစ်မသိအကြွားတွေနှင့်
ဣဿ အဖြစ်ရှိတရားရယ်လို့
မစ္ဆရိယ အမှားညာဏ် မထင်နိုင်ဘူး
ဟန်တပြင်ပြင် စရိုက်ကြမ်းကိုလ
မာန်တဝင့်ဝင့် အမိုက်လမ်းမှာဖြင့်
စခန်းတစ်ဝက် တစ်ပျက်
အနှမ်းမပျက်
လှမ်းလျက်မနား။ ။

www.burmeseclassic.com

www.burmeseclassic.com


## ရောင်စုံပွင့်သည့် ပန်းကလေးများ

❁ ပျူပုဂံ ခေတ်သမိုင်း
တုန္နိုင်းမဲ့ ဂုဏ်အရောင်။
ပန်တျာ ယဉ်ကျေးမှု
ရှေးရှုစွမ်းဆောင်။
တို့လူမျိုး တို့လူဘောင်
မြင့်အခေါင် အထက်တန်း။
ရှေးပဝေသဏီ အစဉ်လှ
ဂီတအစွမ်း။

❁ စဉ်အလာ မှုမပျက်
ခေတ်အဆက်ဆက် ဂုဏ်ထည်ဝါ။
ကိုယ့်မှုဟန် စရိုက်မလေ့။
သိမ်မွေ့ညီစွာ။
ထူးခြားသည့် အနုပညာ
ကိုယ့်ရိုးရာ အလှစစ်။

အသိယှဉ် အမြင်ရဲ
ရင်ထဲစွဲချစ်။

❁ အမျိုး ဘာသာ သာသနာအတွက်
ထက်မြက်သည့် လက်နက်ပင်။
နယ်ချဲ့ရန် တော်လှန်ရေး
လွတ်မြောက်ရေး သမိုင်းတင်။
ဂီတဖြင့် စွမ်းအားဆင်
မျိုးချစ်ညဉ် စိတ်ဓာတ်ကောင်း
ဇာတိမာန် စွမ်းရည်ပြည့်
အားဖြည့်သွန်းလောင်း။

❁ နယ်ချဲ့ညဉ် အသွင်ဆိုးနှင့်
တို့လူမျိုး အနုပညာ။
လွှမ်းမိုးကာ ခြယ်လှယ်စွက်
ဖျောက်ဖျက်ဖို့ရာ။
လူငယ်ထု ညီတညာ
စဉ်အလာ ခံယူလျက်။
အန္တရာယ် ရန်မှုကြောင်းကို
စုပေါင်းတိုက်ဖျက်။

❁ အနုပညာ သဘင်တေးအနု
ယဉ်ကျေးမှု တို့အမွေ။
ကြီးမြတ်ဂုဏ် အနှစ်သာရ

www.burmeseclassic.com

www.burmeseclassic.com


ပြည့်ဝခဲ့ပေ။
အမျိုးသားရေး ဦးတည်မသွေ
တို့ရပ်မြေ အလှတရား။
ချိုတေးသံ မိုးယံလွှမ်းအောင်
စွမ်းကြစို့လား။ ။

## ခရီးလမ်း

❀ နေဝင်ရင် လထွက်လိမ့်
မျှော်လင့်ချက်ခိုင်မာ။
❀ လမသာ ကြယ်အခင်း
အားတင်းလျက်ပါ။

❀ ကြယ်မလင်း အမှောင်ဖြာ
အားငယ်စရာ ဘယ်မရှိ။
❀ ယုံကြည်ရာ ခရီးဆက်ဖို့
မီးခွက်ထွန်းညှိ။

www.burmeseclassic.com

www.burmeseclassic.com



## ဆောင်းဦးလယ်ယာ

❀ ပျော်ပျော်နွဲ့နွဲ့၊ ဝဲဝဲပျံ့ပျံ့
ညံညံကျွက်ကျွက်၊ မိုးဆွေငှက်လည်း
ရှေ့ဆက်စခန်း၊ ဘယ်ဝယ်မှန်း၍
ပျံသန်းလေသည်၊ မသိပြီ။

❀ ပျံ့ပျံ့ကြူကြူ၊ ဖြူဖြူဖွေးဖွေး
မွှေးမွှေးကြွယ်ကြွယ်၊ မိုးစံပယ်လည်း
ဘယ်ဆီရှောင်ရှုန်း၊ သွေဖည်ပုန်း၍
နှောင်ထုံးရစ်ခွေ၊ လျော့ပြေပြေ။

❀ အုံးအုံးအင်အင်၊ ရွှင်ရွှင်မြူးမြူး
ဖူးဖူးဝါးဝါး၊ မိုးပျော်ဖားလည်း
လယ်ကြားရေစပ်၊ ဘယ်ဆီကပ်၍
ဘယ်ရပ်မှာအောင်း၊ နေရာပြောင်း။

❀ ဂျိုးဂျိုးဂျိမ့်ဂျိမ့်၊ သိမ့်သိမ့်ရင့်ရင့်
ဝင့်ဝင့်ထည်ထည်၊ လျှပ်ပန်းနွယ်လည်း
ရှောင်ကွယ်နှုတ်ဆက်၊ ခရီးထွက်၍
လွမ်းရက်ဝေသီ၊ ဘယ်ဝယ်ဆီ။

❀ ဖြူဖြူလွှလွှ၊ ရွှရွှကြွေကြွေ
ဝေဝေသင်းသင်း၊ လေပြည်ညင်းသည့်
ငွေနှင်းမှုန်မှုန်၊ ဆောင်းရိပ်မြုံလည်း
ပဝါခြုံဖြန့်ကျင်း၊ လွှာရုံခင်း။

❀ ကျဉ်ကျဉ်ထုံထုံ၊ တုန်တုန်ခိုက်ခိုက်
လှိုက်လှိုက်အေးအေး၊ နွေးနွေးချမ်းချမ်း
ကြမ်းကြမ်းနုနု၊ ဘယ်မမှုချေ
တောသူ့လယ်ယာ၊ ပြည့်လယ်ယာဟု
တောရွာပြည့်ဝ၊ ပြည်ပြည့်ဝဟု
တောလှပတင့်၊ မြို့ဂုဏ်မြင့်ဟု
မြို့နှင့်ကျေးလက်၊ သွေးကြောဆက်၍
ပြည့်တွက်ဝေဆာ၊ အသိဖြာလျက်
စေတနာပန်း၊ ပြည်ရွာလန်းသည်
ကြိုးပမ်းလယ်ယာ ဆောင်းဦးမှာ။ ॥

www.burmeseclassic.com

# မန်းတောင်ထိပ်ဝယ်

❀ အလွမ်းနှောင်စိတ်၊ မန်းတောင်ထိပ်မှ
တရိပ်ရိပ်ပေါ်၊ လွမ်းစိတ်ဖော်မိ
မျှော်မျှော်လေတိုင်း၊ ပြာရီမှိုင်းလျက်
ဆိုင်းဆိုင်း ဆို့ဆို့ ညို့ညို့မှောင်။

❀ ဝန်းကျင်ဝဲယာ၊ တောင်တန်းပြာနှင့်
ဘယ်မှာကြည့်ကြည့်၊ တည်ရှိထွတ်ထိပ်
တဖိတ်ဖိတ်တောက်၊ ရွှေရည်သောက်လျက်
အံ့လောက်ပေသည်၊ မွေ့သရီဟု
စေတီဘုရား၊ ဂူကျောင်းများတို့
ဘိုးဘွားအမွေ၊ တိုးပွားစေ၍
ရှုလေမွန်မြတ်၊ မျိုးစိတ်ခေတ်ဟု
စွဲမှတ်ခိုင်ကျည်၊ ဝင့်ကြွားတည်။

❀ မြို့တွင်းကိုမျှော်၊ နန်းမြို့တော်ဟု
ဂုဏ်မော်စံနိုင်း၊ တို့သမိုင်းလေ
ရှုတိုင်းမြင့်မြတ်၊ ပြသာဒ်ပြအိုး



မြို့ရိုးပစ္စင်၊ ကျုံးရေယာဉ်နှင့်
နန်းစဉ်အမွေ၊ နိုးကြွစေခဲ့
မကျေဥဒါန်း၊ ရဲစွမ်းသတ္တိ
အားပြည့်မှန်းဆ၊ ကြက်သီးထလျက်။

❀ အစဉ်ရှေးရှု၊ ယဉ်ကျေးမှုဟု
အနုပညာ၊ ဂုဏ်ထည်စွာဖြင့်
စဉ်လာမလေ့၊ ဘာသာဓလေ့ကို
ချမ်းမြေ့ဂုဏ်တင်၊ လွမ်းရိပ်ထင်သည်
အားအင်ပြည့်သိပ်၊ မန်းတောင်ထိပ်
စွမ်းရည်မြင့်စိတ်၊ တရိပ်ရိပ်။ ။

www.burmeseclassic.com

www.burmeseclassic.com


## ရွာအလွမ်း

❀ ယာစခန်းရယ်နှင့်
ရွာလမ်းကိုတဲ့ အကြိမ်ကြိမ်။

❀ နေညိုညို
လေချိုချို ဟိုသည်အနော့မှာ
ဆည်းဆာဖျော့မှိန်။

❀ ရွာဝန်းကျင်
ယာခင်းပြင် ထန်းညိုတောရယ်နှင့်
ဖုန်သောသော မြူအလိမ်လိမ်
ယာသိမ်းချိန် မှောင်ရီသန်း။

❀ ရွာခလေ့ရယ်နှင့်
ရွာအငွေ့ ရင်မှာနွယ်လျက်
အစဉ်သာတကယ် တွယ်မှီထောက်ပါလို့
မေ့မပျောက်နိုင် မှန်းကာဆတယ်
တမ်းတာအလွမ်း။ ။

## ဘဝလောကစံ

❀ အလှဘယ်ဝယ်
ဘဝနယ်ပယ် အစဉ်တစ်စိုက်ရယ်ပေါ့
အရလွယ်လွယ် မထင်လိုက်ပါနှင့်
အငင်အရှိုက်တွေနှင့် ရောပြွမ်းသကို။

❀ အမောပိုစွာ
မနော‌ချိုသာ ပြုဘိစခန်းမှာဖြင့်
ပြောဆိုစရာ လူ့အသိအစွမ်းတွေနှင့်
ဟောဟိုမှာ ရှုကြည့်စမ်းပါကွဲ့
တောတန်းညိုညို။

❀ ဆင်ခြင်ပွားကာ
အပင်များစွာ ထိုထိုအဆင့်တွေထက်
မယှဉ်အားသာ ပိုမိုမြင့်ပါလို့
အစဉ်ကြွားကာ အလိုလိုတင့်လေဘော့
အမြင်ခြားစရာ ကြိုဆိုအကျင့်တွေနှင့်

www.burmeseclassic.com

www.burmeseclassic.com


ထင်အရှားပါ ဖြိုမလိုဝင့်ပြီပေါ့
အဖြေနှစ်ဆင့်တိုးကာ အဟုန်ရိုင်းအသွင်တို့
လေနှင့်မိုးရွာ မုန်တိုင်းဆင်လို့
ကဆုန်စိုင်းနှင် ရင်ဆိုင်တွေ့ပေလိမ့်
အစဉ်မှိုင်မကွေ့ပါနှင့် စွမ်းအားချို
ဘဝဆို သည်လိုပဲ။

❀ အဆင့်ကွာ
အမြင့်မှာ နေရာရောက်လေတော့
မလင့်မကြာ သွေ့ခွာလို့မကြောက်ပါနှင့်
မြောက်မြားစွာ လောကဓံတို့
မောက်ကြွားကာ သဘောအမှန်မို့
ထောက်ထားမညှာ မနောဟန်နှင့်
သောသောညံ ရင်ဆိုင်တွေ့ရင်တော့
လမ်းမကွေ့ဆင်နွှဲ။ ။

## ဂုဏ်ခြံနှင့် တို့ရပ်မြေ

❀ ဌာနီ တာရှည် သာကြည်မြ
ရာသီမျှတဲ့ တို့ရပ်မြေ။
❀ ရွှေနဒီ ခွေလည် ဝေစည်မွှေး
ရေကြည်အေးတဲ့ တို့ရပ်မြေ။
❀ ထည်ဝါ သွယ်ဖြာ တွယ်တာမနော
လယ်ယာတောနဲ့ တို့ရပ်မြေ။
❀ ဖောက်ပြန်မကြွား၊ ကောက်နှံစပါး
ကျောက်သံ ပတ္တမြားတို့ မချို့မြတ်သလေ
မောက်လျှံပွားတဲ့ တို့ရပ်မြေ။
❀ သာသနာအတွေ့၊ ဘာသာဓလေ့
ညာတာသရွှေ့ ကြီးမြတ်အခြေ
စာနာမမေ့ တို့ရပ်မြေ။
❀ အမုန်းမထား အပြုံးတရား
အရှုံးမပွား ဘဝအစဉ်သာပေ
နှလုံးသားတို့ အလှဆင်ပါသလေ။

www.burmeseclassic.com

www.burmeseclassic.com


❁ ပျူပျူငှာပ အကြောင်းပြုမတွေ့ဝေ
အလှူဒါန ကောင်းမှုအထွေထွေ။
❁ အမှန်တကယ် မြတ်အကျိုးသတင်းမွှေးဖြာဝေ
အန္တရာယ်ကပ်ဆိုး ကင်းဝေးပါသလေ။
❁ ပြုလိုသဘာဝ မိမြတ်ပါသလေ
ကုသိုလ်ထာဝရ အမြတ်ဌာနေ။
❁ ဝမ်းသာအနှစ် စိမ်းလန်းဖြာဝေ
ချမ်းသာအစစ် ငြိမ်းချမ်းပါသလေ။
❁ အလှပန်းဝေဝေ
ဘာဝစခန်း အခြေတင့်ပါလို့
ဌာနေအမြင့် ဟန်တစ်မူနှင့်
ဖြာဝေသဖြင့် မြန်ဇမ္ဗူပေ့ါ
ရနံ့ကြူမချို့ ဂုဏ်ဒြပ်ရယ်
တို့ရပ်မြေလေး။ ။

## ကျေးဇူးဂုဏ်

❁ သဘောအမှန်
လောကဓံ ခရီးကြမ်း
မညည်းတမ်း လှမ်းလျှောက်သူ။

❁ အဟုတ်ပ မဖြို
ဒုက္ခမြို့ သောကဝဲ
ရှုပ်သမျှကြုံ လောကထဲ
အားခဲမာန်ထူ။

❁ တွေ့စမ်းပါ
ကွေ့လမ်းမှာ အဆီးအတား
မွေ့ရမ်းလာ မညည်းတွားပါဘူး
ရွှေ့လှမ်းကာ သမီးသားတွေနှင့်
ကြီးမားသည့် မေတ္တာကူ
မမြူစူ စွမ်းအားထက်။

www.burmeseclassic.com

www.burmeseclassic.com


❀ အို . . အမေ
ကမ္ဘာမြေ လက်ကျန်
မနက်ဖြန်တွေ ရှိနေသရွေ့
အမေနေ့တွေ အစဉ်မပြတ်
ကြီးမြတ်သည့် ဂုဏ်အထူး
ဦးထိပ်ပန်လျက်။ ။

## လောက ကမ္ဘာမြေ

❀ ဖတဆိုးပေမို့
နှစ်ဆတိုးကာ အချစ်ပိုလျက်
အပြစ်မဆို ငြိုငြင်ကင်း
ဖိုးလမင်း မေ့သားရယ်။

❀ ဖော်အများတွေနှင့်
အပျော်အပါး ခုံခုံမင်လျက်
ကြုံကြုံလျှင် စရိုက်ဆိုးကိုလ
ဇွတ်တိုးကာ ထောင်နားမစိုက်
မိုက်လှသကွယ်။

❀ ရင်တမမရယ်နှင့်
မရွှင်ပျပါ စိုးရိမ်စိတ်တွေက
အိပ်မပျော် စားမရ
တထိတ်ထိတ်မျှော် တရားမကျပါဘူး
သားအလှ ချစ်ကြီးနွယ်
ရင်မှာတွယ်သည့် အချစ်မီး။

www.burmeseclassic.com

www.burmeseclassic.com



❀ သို့တစ်စေ
ဤလောက ကမ္ဘာမြေ၌
အမေတွေ အမေ့လို အချစ်တွေနှင့်
သားဆိုရင် အစဉ်သာအနှစ်ပေပေါ့
ဖြစ်မမြင် ချစ်ခင်အစွမ်းတွေက
အံ့မခန်း ရှုမငြီး။ ။

## အနော်မာကမ်း လွှမ်းမန်းချို

❀ အဖော်မပါ၊ အနော်မာ၌
မျှော်ကာရော်ရမ်း၊ သည်းအူကျွမ်းမျှ
အလွမ်းကုန္ဒေ၊ လွမ်းမိုးစွေလျက်
ဆန္ဒအမတ် သောကဝေ။

❀ အကြောင်းမျှော်ရပ်၊ လောင်းတော်မြတ်က
သုံးသပ်ဉာဏ်ယှဉ်၊ တောသို့ဝင်လျက်
ကျင့်စဉ်ခမ္မတာ၊ တရားရှာ၍
သစ္စာလေးပါး၊ သိထင်ရှားဟု
ဘုရားဖြစ်ရန်၊ အဓိဋ္ဌာန်ဖြင့်
ရည်သန်ပြင်းပြ၊ ခွဲခွာရသည်
သောကဖုံးလွှမ်း၊ ဘဝင်ကျွမ်း။

❀ ဖွားဖက်တော်ရင်း၊ စီးတော်မြင်းဟု
ချစ်ခြင်းမှန်စွ၊ ကဏ္ဍကလည်း
သောကဖွဲ့ငင်၊ ငိုသခင်ကို
ဖူးမြင်အခွင့်၊ နောက်မသင့်ဟု

www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်ဆုံး၊ ဘဝရှုံးပေါ့
ယူကျုံးမရ၊ လွမ်းဆွတ်တလျက်
မှန်းဆရော်ရမ်း၊ သည်းအူကျွမ်းသည်
အလွမ်းဆင့်ကဲ၊ လမ်းအခွဲ။

⊛ အဖော်မပါ၊ အနော်မာဟု
မျှော်ကာကြေကွဲ၊ မျက်ရည်ရွှဲလျက်
ပုလဲစုစု၊ သဲသောင်နုဝယ်
မျှော်ရှုလေရာ၊ လွမ်းဖွယ်ရာတည်း
တွယ်တာနှောင်ငင်၊ လောင်းတော်ရှင်နှင့်
ဖော်မင်ချစ်ခြင်း၊ ကဏ္ဍကမြင်းတို့
ကွေကွင်းခဲ့ရ၊ သောကနှိပ်စက်
ချတက်မအေး၊ ငိုကြွေးလိုက်ဆူ
သည်းအူပြတ်မျှ၊ ပူဆွေးတလျက်
ဆန္ဒမတ်ခေါ်၊ ဖွားဖက်တော်သည်
အနော်မာကမ်း၊ သဲသောင်လမ်းမှ
တစ်လှမ်းချင်းရွေ့၊ ဘယ်သို့မေ့လိမ့်
တမြေ့မြေ့ချီ၊ တိုင်းကပ္ပိ
အလွမ်းမှန်းဆ၊ မှိုင်းဝေသီ။ ။

## ထိုအမြေ

⊛ ညဥ့်နက်သန်းခေါင်
မီးရောင်ဖျော့တော့၊ ရင်ကိုကော့၍
သော့သော့ခြေနင်း၊ တေးသီချင်းနှင့်
ရင်တွင်းစိတ်ဖြာ၊ ထိုလိပ်ပြာလျှင်
ခမျာ ဘယ်ကလာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com

## လွမ်းခဲ့သူရုပ်

❀ သံယောဇဉ်နွယ်၊ ရင်ငြိတွယ်သည့်
ဆယ်ကျော်သက်မှူး၊ မောင့်ချစ်ဦးရယ်
ကြည်နူးဖွယ်လမ်း၊ မမျှော်မှန်းဘဲ
လက်ရမ်းနှုတ်ဆက်၊ ကျောခိုင်းထွက်တော့
ရက်စက်သည်ကို၊ ပြစ်မဆိုချင်။

❀ ဘဝရှေ့ရေး၊ မျှော်ရည်တွေးလျက်
ရှေ့ရေးဘယ်မူ၊ လှမ်းတူဘယ်သို့
လျှောက်စို့တူပြိုင်၊ ပန်းတိုင်ဘယ်နည်း
ခရီးဘယ်ပုံ၊ စကားကြုံတိုင်း
ဂုဏ်ယူဝင့်ကြွား၊ နိုင်ငံခြားသို့
စွန့်စားမနှောင်း၊ ဝင်ငွေကောင်းဟု
နှစ်ထောင်းစုံလင်၊ သူဖြစ်ချင်သည့်
လိုအင်ဆန္ဒ၊ မပြည့်ဝ၍
မေ့ကြစတမ်း၊ သည်ဇာတ်လမ်းမှာ။

❀ သောကအလွမ်း၊ ရင်မနွမ်းဘဲ
မတမ်းမတ၊ မှန်းဆမတွေး
ငေးမောမစွဲ၊ လမ်းအခွဲမှာ
ဝမ်းနည်းစရာတော့ မဟုတ်ပေ။ ။



## ထူးကဲလှသည့် အညာမြေ

❀ အနှစ်ဖွေဆင်
မြစ်ရေတင် စီမံကိန်း
မြရည်လိမ်း နယ်ဝန်းကျင်။

❀ နွေခယောင်းမှာ
ရေမြောင်းသွယ် ကြည်လင်မြ
အလှတွေဆင်။

❀ ယိမ်းကသလိုပ
စိမ်းမြမြ လယ်ယာပြင်
သီးနှံပင် အားခွန်သစ်။

❀ ဘဝစခန်းမှာဖြင့်
အလှပန်း တဝေဝေနှင့်
အညာမြေ ကြုံစဖူး
ထူးကဲအလှစစ်။ ။

www.burmeseclassic.com

www.burmeseclassic.com



## လေလွင့်တိမ်

❀ မနေ့ငွေ အလှုံတောက်ပါလို့
ဘဝအခြေ မာန်တွေမောက်
မြှောက်ကြွကြွ ဟန်မူရာ။

❀ တစ်ယူသန်
မူမမှန် အရှက်မထားနိုင်ဘူး
မတူတန် တစ်ဖက်သားကိုလ
ချင့်မသနားပါ တစ်ကိုယ်ကောင်းဆန်၍
ဝင့်ကြွားစွာ ကိုယ့်အကြောင်းကံဟု
မှားအမှန် မချင့်တွက်
ငဲ့ကွက်မပါ။

❀ ဟိုတစ်ချိန်
မတည်ငြိမ် ဘဝလမ်းမှာဖြင့်
မနေ့နွမ်းကာ အခြေမဲ့သူပေါ့
ခေါ်တဲ့သူ ခိုင်းသမျှကိုလ
မဆိုင်းမတွ မငြိုငြင်ပါဘူး



ချိုချိုရွှင် မာန်တွေပျောက်
ပြောဆို ငေါက် ဆဲမနာ
စေတနာ ဝေဖြာကောင်း။

❀ ခုတော့လေ
စရိုက်အထွေထွေ ပြောင်းအလဲရယ်နှင့်
အနေရဲကာ မာန်တွေဖီလို့
ဖြူတစ်လီ နီတချို့ရယ်
လူတို့အကြောင်း။ ။

www.burmeseclassic.com

www.burmeseclassic.com

## အလှဇာတိ

✿ အစဉ်အလာ၊ မင်္ဂလာနှင့်
လွန်စွာသိမ်မွေ့၊ စရိုက်ငွေ့တို့
မလေ့ထုံးစံ၊ ရိုးရာမှန်။

✿ ဘာသာ သာသနာ၊ ရတနာနှင့်
ဆရာမိဘ၊ သြဝါဒတို့
ရသာဆိုမိန့်၊ နားချိုဆိမ့်။

✿ လုံလုံခြုံခြုံ၊ ရိုးသားဂုဏ်နှင့်
ရင်ခုန်ဖွယ်များ၊ မငံ့ကြွားဘဲ
ဝတ်စားဆင်ပြင်၊ သိမ်မွေ့ယဉ်။

✿ လောကပါလ၊ သဘာဝတို့
ထွန်းပစုံမက်၊ ဂုဏ်ယူလျက်ဖြင့်
အရှက်အကြောက်၊ စည်းမဖောက်ဘဲ
တည်ဆောက်ရှေးရှု၊ ယဉ်ကျေးမှုတို့
စေ့ငုစုံစွာ၊ လိုက်နာကာဖြင့်



စဉ်လာနိုင်းချင့်၊ မြင့်ထက်မြင့်ရန်
ကိုယ်ကျင့်သိက္ခာ၊ အလိမ္မာတို့
မြန်မာပီသ၊ ဇာတိပြလျက်
အလှခိုင်ကျည် တည်လိုက်ပါ။ ။

www.burmeseclassic.com

www.burmeseclassic.com


## ဆည်ရေသောက်သည့် ရွာကလေး

⊛ တကယ်အခြေတည်
ဆည်ရေကြည် ဘဝဆောင်စွမ်းကာပ
လယ်မြေဆီ မြရောင်လွှမ်းပါလို့
အလှအောင်ပန်းတွေနှင့် ကျုပ်တို့ရွာ။

⊛ မြေအဆိုးအကောင်း
အခြေတစ်မျိုးပြောင်းကာ နည်းဟန်အဖုံဖုံနှင့်
နွေမိုးဆောင်းမှာ သီးနှံအစုံစုံပေါ့
ပြောမယုံ ကြုံမှသိ
ရွှန်းအိမြေပဒေသာ။

⊛ တွယ်တာအစဉ်
လယ်ယာပြင် ရေတဖွေးဖွေးမှာလ
ထည်ဝါအသွင် လေတအေးအေးရယ်နှင့်
ထွေးယှက်ပြေးကာ ဝဠာတစ်ခိုဠ်၌
ကျေးငှက်တေးဖြာ သံချိုချိုနှင့်
လုံမပျို ရာသီအလိုက်သာပေါ့
ခါမီစိုက်ရ စွမ်းအားဖြာ
ပြည့်ဝမ်းစာ ဖူလုံဘိ။

⊛ မူအစွမ်းတွေနှင့်
အလှူအတန်း ဤတောယံ၌
စည်ပြောသံ ခါမပြတ်ပါဘူး
စေတနာအမြတ် သဒ္ဓါယှဉ်လျက်
အညာတစ်ခွင် ငြိမ့်ငြိမ့်သည်းပါလို့
ရွာအစဉ် ငြိမ့်ငြိမ့်ပွဲတွေနှင့်
(ကွယ်) . . . ထူးကဲပါတီ။ ။

www.burmeseclassic.com

www.burmeseclassic.com

## အရှည်ခံ့သည့် အနုပညာ

❀ အကွပ်မဲ့တောင်း၊ ပြောင်းဆန်မရေရာ
ကြိမ်နွယ်မဲ့ကြမ်း၊ ပရမ်းပတာ
လောကစည်းကမ်း၊ နည်းလမ်းရှောင်ခွာ
မျှော်တွေးစမ်း၊ လျှောက်လှမ်းအဖြေရှာ။

❀ ထည်ဝါမညီး၊ အမျိုးဘာသာ
ယဉ်ကျေးမှုအရ၊ လက်ခံနိုင်မှသာ
စံမီသတ်မှတ်၊ ကောင်းမြတ်စဉ်လာ
အရှည်ခံ့၊ တည်တံ့နိုင်မည်သာ။



## ဘဝရတနာ

❀ ရတနာ ထိန်ထိန်တောက်
စိန်ကျောက်တို့ ပြိုးပြက်ရောင်။
မြင့်သီခေါင် အနေလှ
ဝေပုလ္လတောင်။
အဖိုးထိုက် ကျောက်ထွတ်ခေါင်
ယူဆောင်ဖို့ လာပါရဲ့။
လူတစ်တွေ ရတက်ပွား
လက်များမပါခဲ့။

❀ ထိုတောင်ပေါ် လူတစ်စု
ကျောက်ယူမှု ရောက်ခဲ့အမှန်။
လောဘထူ ဇွတ်အတင်း
ပိန်အဖျဉ်း ဖိုးမတန်။
ရတနာအစစ် မဝေဖန်
အသိဉာဏ်မဖွံ့ထွား။
စိတ်ပျော်ရွှင် မြူးခုန်ပေါက်
ကောက်ယူလို့သွား။

www.burmeseclassic.com

www.burmeseclassic.com



⊛ အဖိုးတန် တုမမှု
လူ့ဘဝ ရတနာတောင်
ဖိုးမတန် ကျောက်ဖြုန်းခဲ
သဲသဲကွဲ ဝေးဝေးရှောင်။

⊛ အပြစ်မပွား
အနှစ်တရား အရဆောင်
ဘဝအမှောင် အလင်းညှိ။

⊛ သံသရာ
ကံကြမ္မာ ဝိုက်မညှိုး
တန်ဖိုးဂုဏ်သိ။ ။



## ရွာမှ ဆိုးတော

⊛ အဖမဲ့သား၊ လူရမ်းကားဟု
အများပြစ်မြင်၊ မချစ်ခင်ကြ
ပြစ်တင်ဆိုဖွဲ့၊ ပုံကြီးချဲ့၍
ကဲ့ရဲ့သည်မှာ၊ စဉ်အလာသို့
နေရာတိုင်းမှာ၊ အမြဲပါသည်
ရွာမှာဒိုးမွှေ၊ မောင်ဆိုးတော။

⊛ ချိန်းပွဲဂျင်ပွဲ၊ ကြက်တိုက်ပွဲနှင့်
ဖဲဝိုင်းကာက်ဝိုင်း၊ မျောက်ပန်းဝိုင်းတို့
ထင်တိုင်းမနား၊ လောင်းကစားသည်
ထင်ရှားခဲ့ပေ၊ မောင်ဆိုးတော။

⊛ ဆည်းဆာဖုန်သော၊ ရွာထန်းတောမှာ
ပြောဆိုသောက်စား၊ ထန်းရည်ခါးနှင့်
ရွာဖျားမှာချက်၊ တောအရက်လည်း
မပျက်သောက်ပေ၊ မောင်ဆိုးတော။

www.burmeseclassic.com

www.burmeseclassic.com



❀ ညဥ့်နက်သန်းခေါင်၊ ခွေးဟောင်ဟောင်နှင့်
ရွာတောင်ပိုင်းက၊ ဆူညံကြလျှင်
လုံးဝသူပေ၊ မောင်ဆိုးတေ။

❀ ဟိုတစ်နေ့က
မမေ့ဖွယ်ရာ၊ တို့ရပ်ရွာကို
ထင်ရာရမ်းကား၊ ရွာထိပါးမည့်
အင်အားဖွဲ့ပြူ၊ လူတစ်စုကို
အန်တုစားဆွဲ၊ တစ်ယောက်တည်းနှင့်
ရဲစွမ်းသတ္တိ၊ စွမ်းရည်ပြည့်လျက်
အထိမခံ၊ ရွာချစ်မာန်နှင့်
တွန်းလှန်စိတ်မြဲ၊ ယှဉ်ပြိုင်နွဲရင်း
သွေးရဲအပြုံး၊ အသက်ဆုံးတော့
ယူကျုံးမရ၊ ရွာလုံးတ။

❀ မောင်ဆိုးတေ၏
ပေတေစိတ်ထား၊ အသွင်ခြားလည်း
ရွာသားအပေါ်၊ ရွာပေါ်အကြောင်း
မကောင်းသဖြင့်၊ နိုင်မကျင့်ပေ
နှိုင်းချင့်ဝေဖန်၊ အမှန်ကိုချစ်



အပြစ်ကိုမျှော်၊ မတော်မတရား
ထိပါးမုန်းတီး၊ စည်းလည်းမဖောက်
အံ့လောက်တာဝန်၊ စိတ်မြတ်မွန်နှင့်
ကျေပွန်ထမ်းရွက်၊ ရွာအတွက်။

❀ တို့ရွာ တို့မြေ၊ မောင်ဆိုးတေကို
ကြာလေလေမုန်း၊ တွေးတိုင်းလွမ်းမိ
စွမ်းအားသိတတ်၊ သိအမှတ်နှင့်
ကြီးမြတ်ဂုဏ်ယူ မဆုံးပါ။ ။

www.burmeseclassic.com

www.burmeseclassic.com

## ဘဝတန်ဖိုး

❀ လူ့ဘဝ အဖိုးတန်
အကျိုးမှန်ရရှိရေး။
သံသရာ ခရီးတစ်လျှောက်
ချင့်ထောက်မျှော်တွေး။
❀ အကုသိုလ် ဒုစရိုက်
ပြုအမိုက်ရှောင်ခွာ။
ကုသိုလ်ခေါ် သုစရိုက်
ပြုထိုက်မှန်စွာ။
စိတ်အလှ စေတနာ
အကြင်နာ မေတ္တာဖျန်း။
ကိုယ်ချင်းစာ များအကျိုး
သယ်ပိုးဆောင်စွမ်း။



❀ ဝေနေယျာ
စေတနာ ဝေဖြာကဲ
စွန့်ကြဲလို့ ပေးကမ်းလှူ။
သည်ဘဝ အမှန်
သီလခံကျင့်မြတ်တရားနှင့်
စိတ်ထားစင်ဖြူ။
မတည်မှန်စွာ
သည်ခန္ဓာ သည်နာမ်ရုပ်
ဖြစ်ပျက်ချုပ် သတိယူ
အရှိမူ အသိပွား။
ဆင်ခြင်ကာ
မြင်မြင်ရာ သင်္ခါရ
တွေးဆတရား။
❀ ကုသိုလ်ကြောင့် လူဖြစ်လာ
လူဖြစ်ရာ ကုသိုလ်ပြု။
အဖိုးတန် သည်ဘဝ
လှပစေမှု။ ။

www.burmeseclassic.com

www.burmeseclassic.com



## ဆောင်းညပွဲ

❀ လေပြည်ငယ် သွေးပါလို့
ဆောင်းအေးတဲ့ ရာသီ
လှည်းတပ်ရယ် ချီသည်
ပွဲခင်းဆီ ပျော်ရွှင်ရွှင်နှင့်
ဇာတ်သဘင်ကတဲ့ ညကိုလေး။

❀ တောရွာငယ် သဘာဝ
သည်အလှတွင်
မွှေးမြအစဉ်၊ မလေ့ယဉ်လျက်
ဂုဏ်အင်တင့်ဖြာ
ကာလကြာလည်း
ထည်ဝါခုတိုင်၊ ရွာလုံးသာမြိုင်တော့တယ်
မေ့နိုင်ဘူး သည်အချိန်မှာ
တစ်နှစ်တစ်ကြိမ် ဘုရားပွဲမို့
နွှဲကြတယ်လေး။ ။



## အလင်းဂုဏ်

❀ နေ၏အလင်း၊ နေ့ခင်းရောင်တည်
လ၏အလင်း၊ ညခင်းသာကြည်
မီး၏အလင်း၊ အဆင်းဂုဏ်ရည်
လောင်စာ၌၊ ရှိခိုက်လင်းပေသည်။

❀ ဘယ်ဝယ်ဘယ်သင်း၊ အလင်းစုံညီ
အလင်းခေါင်ထိပ်၊ ဂုဏ်ဟိတ်စွမ်းရည်
ပညာအလင်း၊ ရင်တွင်းထုံကြည်
ဂုဏ်ကြီးမြတ်၊ သိမှတ်လင်းရှေ့ပြည်
ချမ်းသာထူး၊ ကွန့်မြူးလှဝေစည်။ ။

www.burmeseclassic.com

www.burmeseclassic.com



# တံလျှပ်မြူ

❀ တစ်မြေရပ်ခြား၊ သူများတိုင်းနိုင်ငံ
ဝင်ငွေဝင့်ကြွား၊ စိတ်အားထက်သန်
ကြီးပွားမြန်ဆန်၊ သွားရန်ဆန္ဒ
ဆွေမျိုးစုံလင်၊ ကျိုးဂုဏ်အင်
တိုင်ပင်နှီးနှော ကြသည်နှင့်လေး။

❀ စရိတ်စက၊ ကုန်ကျဖွယ်ရာ
ချင့်တွက်စွန့်စား၊ စဉ်းစားအချိန်ကြာ
ရောင်းကာပေါင်ကာ၊ ငွေရှာမနား
အလှူယ်တကူ၊ အတိုးယူ
ကြွေထူမောဟိုက် သွားသည်နှင့်လေး။

❀ ပို့သူပွဲစား၊ စကားမမှန်ကန်
ဟိုပြောသည်ရောက်၊ စိတ်နောက်ဖွယ်ဖန်
သူ့ရပ်သူ့ထံ၊ သည်းခံအားထုတ်
ဝင်ငွေရအောင်၊ တွေ့မရှောင်
စွမ်းဆောင်အလုပ် လုပ်သည်နှင့်လေး။



❀ ပင်ပန်းကြိုးကုတ်၊ လချုပ်အချိန်တန်
အလုပ်မကောင်း၊ ဟိုပြောင်းသည်ရွှေ့ပြန်
ဆင်းရဲမှုဒဏ်၊ ပြည့်လျှံသောက
ငွေစမခိုင်၊ မပို့နိုင်
တွေးမှိုင်မျက်ရည် ကျသည်နှင့်လေး။

❀ နေမှုဘဝ၊ ဒုက္ခအသွယ်သွယ်
လှော်ရင်းနစ်မြုပ်၊ စိတ်ရှုပ်အားငယ်
ဘယ်သို့ဘယ်ဝယ်၊ တွယ်တာခဲခက်
ကိုယ်ရပ်ကိုယ့်ဌာန်၊ ချစ်ရိပ်မှန်

❀ အတိုးတွက်ချက် အရင်းဘယ်သို့ဆပ်ပါ့မည်။
❀ အမျိုးမငဲ့ကွက် အလျှဉ်းဘယ်သို့မှတ်ကြမည်။

www.burmeseclassic.com

www.burmeseclassic.com



## ရွာရှုခင်း

❀ တို့ရွာမြောက်ဘက် ကန်သာယာ
ရေလှိုင်းကြက်ခွပ်ဖြာ။
တို့ရွာအရှေ့ မျှော်ရည်မှန်း
တောင်သာ တောင်စွယ်တန်း။

❀ တို့ရွာလမ်းမှ တောင်ဘက်မျှော်
ပုပ္ပါးမြတ်တောင်တော်။
တို့ရွာနောက်မျှော် ချောင်းကောက်ကွေ့
တောညိုမှိုင်းအုပ်တွေ့။

❀ တို့ရွာလေ့ တို့ဝန်းကျင်
ထန်းတောညို့မှိုင်းလွင်။
တို့ရွာတစ်ခွင် စေတီကျောင်း
မန်ကျည်း၊ ကုက္ကို ပင်ထနောင်း
ရှုခင်းလွမ်းဖွယ်ကောင်း။ ။



## တောရိပ်တောင်စွယ်

❀ အပူမကဲ၊ အအေးနည်း၍
တပို့တွဲနှောင်း၊ လတပေါင်းဝယ်
အကြောင်းလျော်စွာ၊ စက်တော်ရာဟု
ဆယ်ဖြာဦးခိုက်၊ ပူဇော်ထိုက်၍
စူးစိုက်ရည်စူး၊ စိတ်ကြည်နူးသည်
ရှင်မြူးရင်ဖို လိုက်လိုက်တည်း။
❀ တောတောင်မှိုမောက်၊ လမ်းတစ်လျှောက်ဝယ်
တောင်မြောက်ဝန်းကျင်၊ ရှစ်ခွင်မျှော်ရှု
ရတုသာကြည်၊ ဘယ်ဆီဘယ်ဝယ်
လွမ်းဖွယ်အတွေး၊ ဆွတ်ပျံ့ငေးမိ
တရေးရေးထင်၊ စိတ်အစဉ်။
❀ "ကုန်းကျင်းချောင်းမြောင်
မြောက်တောင်မှိုင်းဝေ၊ သစ်ပင်တွေနှင့်
ပင်ခြေကျင်းကျင်း၊ ပန်းအင်ကြင်းလည်း
ခက်ချင်းခိုက်ထိ၊ စောင်းကြိုညှိသို့
နှမိနှမြော"၊ လွင့်ပျံမောမိ

www.burmeseclassic.com

www.burmeseclassic.com

သည်တောဝန်းကျင်၊ ရှေးယခင်ဟု
တွေးမြင်မှန်းဆ၊ လွမ်းမျှော်တလျက်။

❀ မြိုင်တောကျိုးလည်း၊ သံကြိုးအာအာ
ခါကတုတ်တုတ်၊ ရှဉ့်စုတ်စုတ်နှင့်
ဘုတ်တငြိမ့်ငြိမ့်၊ တအိမ့်အိမ့်လျှင်
သိမ့်သိမ့်တောလုံး၊ သံပေါင်းရုံး၍
ပတ်ကုံးမြိုင်နက်၊ အုတ်ကျက်ကျက်လျှင်
နှုတ်မြွက်သံချို၊ ငါရွှတ်ဆိုမိ
ဘယ်ကိုလွမ်းရည်၊ သည်တောဆီဝယ်။

❀ ရှုမျှော်ငြိမ့်ညောင်း
မန်းချောင်းထက်ပေါ်၊ ရွှေစက်တော်ဟု
ပူဇော်ရည်မှန်း၊ ဤတောလမ်းဝယ်
မျှော်တမ်းဆိုရွတ်၊ တတွတ်တွတ်နှင့်
နှုးညွတ်ကော်ရော်၊ လွမ်းစိတ်ပေါ်သည်
မျှော်မျှော်လေတိုင်း၊ ချုပ်ရီမှိုင်း။ ။

(ရှင်မဟာရဋ္ဌသာရ-ရွှေစက်တော်သွား တောလားသို့
ဦးခိုက်ပူဇော်ခြင်း)



# လွမ်းရိပ်ဓေ

❀ မြင့်မားတောင်ထိပ်
မှိုင်းရိပ်ဟန်ပျိုး၊ တောင်ကိုမိုးသည်
တောင်ခိုးတချို့၊ တိမ်တစ်ညို့။

❀ တောင်တော်ပုပ္ပါး
ဝင့်ကြွားတောင်ထွတ်၊ မိုးသို့ညွတ်သည်
ပန်းဝတ်တစ်မှုန်၊ တေးတစ်မြုံ။

❀ စိမ့်စမ်းချိုအေး၊ ပန်းစုံမွှေးတော့
ငှက်တေးကြည်မြ၊ အေးရိပ်လှ၍
ဘဝကြည်လင်၊ သူတောင်စင်သို့
ခိုဝင်သဖြင့်၊ လိုအင်တင့်လျက်
အကျင့်စခန်း၊ အမြင့်လှမ်းသည်
စိတ်ဝမ်းတစ်ကြည်၊ လွမ်းတစ်သီ။ ။

www.burmeseclassic.com

www.burmeseclassic.com

# ရင်မှာစွဲငြိ ပီတိအား

❀ နေပူကျဲကျဲ၊ မိုးသည်းသည်းနှင့်
နှင်းဖွဲဖွဲကျ၊ အားမာန်ပြလျက်
ဘဝလယ်ယာ၊ လုပ်အားဖြာသည်
တွယ်တာချစ်စွဲ၊ ခိုင်ကျည်မြဲ၊

❀ တက္ကသိုလ်မှ၊ ဘွဲ့လည်းရ၍
ဘဝရှေ့ရေး၊ ကြောင်းကျိုးတွေးမိ
ငေးမော့ဖွယ်ရာ၊ သူ့ပြည်ရွာဝယ်
ငွေရှာလွယ်လု၊ ပြည့်စုံစွဟု
အားကျစုံလင်၊ မခံမင်ချင်။

❀ ကိုယ်ပြည်ဌာန၊ ကိုယ့်ဒေသ၌
ဘဝညီတူ၊ ကိုယ့်ပြည်သူတို့
ကိုယ့်မူကိုယ့်ဟန်၊ ကိုယ့်အားမာန်နှင့်
ဉာဏ်ရည်ပေါင်းစု၊ တိုးတက်မှုဟု
ပြုဖွယ်လုပ်ငန်း၊ အံ့မခန်းပင်
ကိုယ့်စွမ်းကိုယ်စ၊ ကိုယ့်အလှနှင့်
ကျရာဝန်တာ၊ ကိုယ့်ရပ်ရွာကို



ဝေဆာလှပ၊ တည်ဆောက်ပြ၍
ဘဝနယ်ပယ်၊ ဂုဏ်ယူဖွယ်ဟု။

❀ ဘိုးဘွားအမွေ၊ လယ်ယာမြေကို
ကျေပွန်ရှက်ထမ်း၊ ဘဝလမ်းမှာ
ပင်ပန်းမသိ လွှမ်းပီတိ။
ရင်မှာစွဲငြိ အားအပြည့်။ ။

www.burmeseclassic.com

www.burmeseclassic.com

## ဘဝမိုးတိမ်

❀ တိမ်ပုစွန်ဆီ၊ နေလုံးနီနှင့်
ရေကြည်လှိုင်းခတ်၊ နေခြည်ဟပ်သော်
တဖျတ်ဖျတ်သောင်၊ လွမ်းစိတ်နှောင်လျက်
မျှော်ရောင်ဘယ်ဝယ်၊ အတွေးကြွယ်မိ
လှေငယ်သခင်၊ ခင်ပွန်းလင်ကို
ခေါ်ငင်တမ်းတ၊ မျှော်မှန်းဆ၍
ကာလဘယ်တိုင်၊ သည်းမခိုင်ပေ
မေ့နိုင်နွမ်းလျ၊ အိမ်ရှင်မ။
❀ ဟိုမှာအဝေး၊ လှေကလေး
ရင်သွေးသားလှ၊ အားမာန်ကြွလျက်
ဘဝလှေငယ်၊ ရေပြင်ကျယ်ဝယ်
ပိုက်ဆယ်ချီမ၊ ဝမ်းစာရ၍
နေကျမှောင်ရီ၊ ချိုတေးသီလျက်
ပီတိစွမ်းမောက်၊ ကမ်းစပ်ရောက်သော်
ဝမ်းမြောက်ရွှင်ပျ၊ မျက်ရည်စနှင့်
ဘဝအမော၊ နွမ်းလျဇောတို့
မျှော၍လွှတ်ပြီ၊ မြစ်ပြင်ဆီ။
ဘဝဟူသည် တိမ်ပလီ။ ။



## တောရိပ်ညိုလှ ကေစာရီ

❀ ညို့ညို့မှိုင်းမှိုင်း၊ အုံ့အုံ့ဆိုင်းလျက်
အကိုင်းအခက်၊ တောကျေးငှက်တို့
ထွေးယှက်ညံစာ၊ သံသာသာနှင့်
ကေစာမှီး၊ တစ်ပါးတည်းလေ
တောကြီးရိပ်ခို၊ နေညိုစခန်း
ပုခန်းထေရ်ရှင်၊ ရွှေဥမင်ကို
ဖူးမြင်ကန်တော့ အပြန်လမ်း။
ဦးတင်မာန်လျှော့ ဉာဏ်အစွမ်း။
❀ ပုခန်းမှသည်၊ အဝပြည်သို့
ဦးတည်ဆန်တက်၊ လမ်းတစ်ဝက်တွင်
တွေးရှက်အသိ၊ သတိသံဝေ
မင်းနေပြည်တော်၊ ဝင်အုံ့သော်လား
အဖော်မမှီး၊ တောကြီးတိတ်ဆိတ်
တောရိပ်ခြေဆန့်၊ ခိုဝင်အုံ့လား
လွင့်ပျံ့အတွေး၊ တငေးငေးနှင့်။

www.burmeseclassic.com

www.burmeseclassic.com


❀ မင်းမြတ်ပူဇာ၊ မင်းဆရာဟု
စာလည်းစာကျော်၊ တတ်သိတော်၏
မော်လည်းမော်သင့်၊ ရွှေကျောင်းဝင့်လျက်
မြင့်လည်းမြင့်ခေါင်၊ ဆောင်အယောင်နှင့်
နှောင်လည်းနှောင်ထု၊ ခမ်းနားမှုကို
ရှုလည်းရှုမော၊ လွန်ကျော်ဇော၏
ရောလည်းရောရာ၊ လာဘ်ပူဇာတို့
ညှာလည်းညှာထောက်၊ လောကီနှောက်၍
မောက်လည်းမောက်လို၊ ပစ္စည်းသို၏
ဆိုလည်းဆိုရ၊ ရောနှောရ၍
ခလည်းခ, မင်၊ သံယောဇဉ်တို့
ငင်လည်းငင်ရဲ့၊ နှောင်အဖွဲ့နှင့်
ငဲ့လည်းငဲ့တွေး၊ လူမှုရေးဟု
ထွေးလည်းထွေးရှုပ်၊ နှံ့စလုတ်မှ
မြုပ်လည်းမြုပ်နှစ်၊ သည်အဖြစ်ကို
စစ်လည်းစစ်ကြည့်၊ ထိတ်လန့်မိလျက်
သိလည်းသိမြင်၊ သည်ဝန်းကျင်။

❀ အဝရွှေပြည်၊ လေ့မချိုတော့
တောင်ဖီလာချောင်၊ တောလျှိုမြောင်ဝယ်
အမှောင်ခွင်းသတ်၊ အလင်းကပ်ဖို့
မြင့်မြတ်ဂုဏ်ရည်၊ ‘စိတ်ခိုင်ကျည်သည်
ဦးတည်၍လှမ်း မြိုင်ညိုနန်း။
ရွှေပြည်တော်ရပ် မမျှော်မှန်း။
တောင်ဖီလာကျော် မြတ်ရဟန်း။ ။

## အရွယ်

❀ အမှန်ဟုမြင်၊ ဟိုယခင်က
ဆင်ခြင်အရို၊ ခုတော့သိပေါ့
ပြုမိအမှား လုံးလုံးပင်။

❀ အမှားဟုမြင်၊ ဟိုယခင်က
ဆင်ခြင်အရို၊ ခုတော့သိပေါ့
တွေ့ထိအစစ်၊ အမှန်ဖြစ်ခဲ့။

❀ အချစ်ဆုံးထင်၊ ဟိုယခင်က
ဆင်ခြင်အရို၊ ခုတော့သိပေါ့
တွယ်ငြိအမုန်း လုံးလုံးပင်။

❀ အမုန်းဆုံးထင်၊ ဟိုယခင်က
ဆင်ခြင်အရို၊ ခုတော့သိပေါ့
တွေ့ထိအပြုံး၊ အချစ်ဆုံးလေ။

❀ ထာဝရဟု
လောကဂုဏ်အင်၊ ဘုံတစ်ခွင်ဝယ်
စုံလင်ဖွေကြည့်၊ ဘယ်မှာရှိလိမ့်

www.burmeseclassic.com

www.burmeseclassic.com

အသိရင့်ကျက်၊ ညာဏ်ချင့်တွက်မှ
ဖြစ်ပျက်မြန်စွာ၊ သံသရာဝယ်
တွယ်တာငြိစွဲ၊ အနေရဲလည်း
ကြေကွဲစိတ်တွင်၊ ပြုံးရိပ်ထင်သည်
ဝန်းကျင်လောက သဘာဝ။



## ဘဝအလှ ဝန်းကျင်နယ်

❀ ပန်းကလေးတို့ ဖူးငုံစီ
သူ့ရာသီ ခါမလင့်။
ဝန်းကျင်မြေ သဘာဝ
အလှတရား မေတ္တာဖျန်း
အစွမ်းကုန်ပွင့်။

❀ စမ်းကလေးတို့ ခရီးရှည်
ရေကြည်ကြည် ခွေလည်ဆင်း။
သူ့စွမ်းအား သူ့အခြေ
ဝန်းကျင်မြေ သဘာဝ
အလှဖြန့်ခင်း။

❀ ချိုနုအေး ညင်းလေပြည်
တက်သုတ်ချီ ဟိုသည်နှော့။
သဘာဝ သည်ဝန်းကျင်
သူ့စွမ်းအင် အလှစရိုက်
ထွေးပိုက်မြူချော့။

www.burmeseclassic.com

www.burmeseclassic.com



❁ ငှက်ကလေးတို့ တေးချိုသီ
ကောင်းကင်ဆီ ဝဲပျံနွဲ့။
ဘဝလမ်း စွမ်းအားဝေ
လောကမြေ သဘာဝ
အလှဆင့်ကဲ။

❁ ဤလောက ကမ္ဘာမြေ၊
ကိုယ့်မူဟန် သဘာဝနှင့်
အလှအား အခြေအနေ။
စွမ်းရည်မြှင့် တဝေဝေ
သည်ရေမြေ အဆင့်မခြား။
အတ္တခွာ
ကိုယ့်ရပ်ရွာ ဝန်းကျင်လှအောင်
ဘဝမှန် တစ်ထောက်စခန်း
စွမ်းခဲ့ပြီလား။ ။



## အရိပ်မမာ

❁ ကိလေသာ
ငြိပေကာ အနုသယနှင့်
လူ့ဘဝ ငါရောက်လာ။

❁ ကြည့်စမ်းပါ
ပြည့်လျှမ်းစွာ ငွေမန
ဘာမျှမပါ။

❁ မနောဟာဒယ အကြိုက်
သောက တမြိုက်မြိုက်
လောဘစရိုက် မှန်တိုင်းဖြာ
မောဟိုက်စွာ ဖြည့်မပြည့်။

❁ သမုဒယတွေနှင့်
လူ့ဘဝ ငါထွက်ခွာတော့
ငါ့ဥစ္စာ ငါ့မြေနတွေတို့
ငါယူမရ အသေချာပေါ့

www.burmeseclassic.com

www.burmeseclassic.com

စေတနာ ကုသိုလ်ထုရယ်နှင့်
အကုသိုလ်အမှု အရိပ်ပမာသို့
စိတ်အထာ မူစရိုက်တွေနှင့်
ဟိတ်အလွှာ အတူလိုက်ပေလိမ့်
အားစိုက်ဖွေကြည့်။ ။



## လှမ်းခဲ့ပါ ပျို့ကိုရင်

❀ ထည်လို့ဖြာ
မယ်တို့ရွာ သာစခန်း
လှမ်းခဲ့ပါ ပျို့ကိုရင်။

❀ အညာတစ်ခွင်
လာပါလျှင် နွဲ့ယဉ်ပြီး
ရွာအဝင် လှည်းယာဉ်စီး
ဆီးလို့ကြိုချင်။

❀ လွမ်းမောသလို
ထန်းတောညို ပြာပြာမှိုင်းကာဖြင့်
ရှုလေတိုင်း တောတောင်သာသို့
ချောင်းသွယ်ဖြာ အစဉ်ခရီးရယ်နှင့်
မြောင်းလယ်ယာ တသွင်သွင်စီး
ရှုမငြီးသည့် ပုံရိပ်ထင်
ရွာဝန်းကျင် ရှုခင်းလှ။

www.burmeseclassic.com

www.burmeseclassic.com



❁ ရွာစရိုက်ပေပေါ့
ရွာအလိုက် အတွယ်အတာနှင့်
ဖွယ်ဖွယ်ရာ ညှော်ခံရေးကိုလ
နွေးထွေးစရာ ချိုချိုရွှင်ပေါ့
ကျေးမွေးကာ မငြိုငြင်ပါဘူး
ပျို့ကိုရင် အရောက်လှမ်းပါကွဲ့
မှန်းမျှော်လို့တာ။ ။



## တိမ်နှင့်ဆောက်သည့် အိမ်

❁ တစ်နေ့တစ်နေ့၊ တရွှေ့ရွှေ့နှင့်
အကွေ့နှင့်ကြုံ၊ အတွေ့စုံလျက်
မွေ့လုံ့မှိုင်းရီ၊ နေလုံးနီပေါ့
ချိုကြည်ဝင့်ကဲ၊ အနေရဲ။

❁ တစ်မော်တစ်မော်၊ တပျော်ပျော်နှင့်
မျှော်လင့်ချက်ရှည်၊ အတွေးသီလျက်
ဦးတည်လွှမ်းမိုး၊ ပြည့်လိမ့်နိုးဟု
ကိုယ်ကျိုးအနှောင်၊ သယ်ပိုးဆောင်။

❁ တစ်ပင်တစ်ပင်၊ တငင်ငင်နှင့်
နွယ်မျှင်သံယော၊ ကိလေတောမှာ
မောပန်းမသိ၊ ဇောလမ်းကြည့်လျက်
တွယ်ငြိရွှင်ချို၊ နေလည်းညို။

❁ တစ်မြဲတစ်မြဲ၊ တစွဲစွဲနှင့်
လွှန်ကဲအတ္တ၊ သည်ဘဝကို

www.burmeseclassic.com

www.burmeseclassic.com



မာနဟန်ရှိန်၊ တထိန်ထိန်ပေါ်
တိမ်နှင့်တောက်သည့် အိမ်ကလေး။

❀ ခဏတေးချို၊ ဟုတ်မလိုနှင့်
အလိုဆန္ဒ၊ မပြည့်ဝမီ
ကာလလေရွှေ၊ တစ်ချက်မွှေ့လို့
ဆွေ့ဆွေ့ပျက်ယွင်း ယိုင်လဲပြီ။ ။



## ဘဝနှင့် ဘဝင်

❀ အခြေမမြင်
ရွှေဘဝင် နားထင်ရောက်
ဘဝပျောက်မောက်မာ၏။

❀ သဘာဝရှာ
ငါမှငါ ခြေဖျားထောက်
စိတ်နောက်တတ်ဘိ။ ။

www.burmeseclassic.com

www.burmeseclassic.com



## မယ်တို့ရွာ

❁ ချစ်တဲ့သူငယ်လေ
မိတ်ကောင်းဆွေစစ်၊ ဖော်ချစ်တို့ရေ။
❁ အညာဌာနီ၊ မယ့်ရွာဆီကို
အလည်ဖိတ်ပါရစေရှင်။
❁ နှင်းဇာလွှာခြုံ၊ မိုးကုန်ဆောင်းဦး
သဇင်ဖူးလို့
ရှင်မြူးမြောက်လေ အေးလှတယ်။
❁ ရွာဝန်းကျင်မှာ၊ လယ်ယာအခင်း
သီးနှံစုံ ကြိုင်လှိုင်သင်းလို့
ရင်တွင်းမွှေးပျံ့ ရှင်းသန့်တယ်။
❁ နတ်တော်ရယ်မှ အမြဲ
မျှော်ရည်ကာတမ်း
စိတ်ဖြေမှန်း
လွှမ်းစေတီ ဘုရားပွဲမို့
နွဲ့ကြစဉ်လာ
ပျော်စရာလေ့၊ ဖော်သဟာမွေ့လို့



ဆုံတွေ့ရွာတွင်
သူငါခင်မင် မွေးတော့တယ်။
❁ မြို့ကြီးရယ်မှ ဇာတ်ပွဲ
ရွာဝန်းကျင်၊ လူစုံနွဲ့လို့
လှည်းတပ်ဝိုင်းကြီး စည်လှတယ်။
❁ စံပယ်တစ်ခွေ၊ ခရေတစ်ကုံး
သနပ်ခါး ခြယ်ကာမှုန်းလို့
မလေးရွှင်ပြုံး လှပတယ်။
❁ စရိုက်ချို မေတ္တာမွေး
ပျူငှာစွာ ရင်မှာအေးဖို့
ကျွေးမွေးဧည့်ခံ ပြုစုမယ်။
❁ တစ်ခါရယ်မှ တစ်ခေါက်
လမ်းကြုံလို့ ခရီးပေါက်ခဲ့လျှင်
ဆံတောက်နှမ ကြိုပါ့မယ်။
❁ အညာဌာနီ၊ မယ့်ရွာဆီသို့
အလည်အပတ်များ၊ လာစေသားလို့
ဝင့်ကြွားအစဉ်၊ ဖိတ်ခေါ်ပါရဲ့ရှင်။
❁ အလိုလေ့အိုင်
ယနေ့တိုင် နှစ်စဉ်နွဲ့
နတ်တော်မှာ ဘုရားပွဲက
ခြိမ့်သဲမြိုင်လေး။ ။

www.burmeseclassic.com

www.burmeseclassic.com



## ချစ်စရိုက် အမွေ

❀ ကမ္ဘာအဝန်း၊ စက်မှုစွမ်းဖြင့်
ကြိုးပမ်းဦးဆောင်၊ ဤလူ့ဘောင်ကို
တည်ထောင်အင်အား၊ စွမ်းပကားတို့
မြင့်မားထည်ဝါ၊ အံ့ဖွယ်ရာ။

❀ ခေတ်နှင့်အညီ၊ နိုင်ငံတည်၍
တိုးပြည်ခွန်အား၊ စွမ်းပကားတို့
ဆန်းပြားသိပ္ပံ၊ နောက်မကျန်အောင်
ဖွံ့သန်တိုးတက်၊ ကြိုးစားလျက်ဖြင့်
ဘက်စုံရှေးရှု၊ တည်ထောင်ပြုစဉ်။

❀ အဖျက်ရန်ဘေး၊ အားသွန်တွေး၍
မနှေးပေါင်းစု၊ ကာကွယ်ပြုမှ
လူမှုနယ်ပယ်၊ ကူးစက်လွယ်သည့်



မြူဆွယ်လွှမ်းမိုး၊ ချစ်ဟန်ပျိုး၍
အမျိုးသားဟန်၊ ပျောက်ပျက်ရန်ကို
မျိုးမာန်ချင့်ထောက်၊ ရဲရဲတောက်၍
တည်ဆောက်စဉ်လာ၊ ရိုးရာဓလေ့
ပျော်မွေ့စရိုက်၊ နှစ်ခြိုက်ဖွယ်ရာ
ရတနာအစု၊ ယဉ်ကျေးမှုဟု
အနုပညာ၊ ဂုဏ်ထည်ဝါကို
ကာကွယ်ထိန်းသိမ်း၊ ရှောင်မတိမ်းမှ
ငြိမ်းအေးအလှ သစ်ပါလိမ့်။ ။

www.burmeseclassic.com

www.burmeseclassic.com



## ပြေးလမ်း

❀ ဟိုမှာအဝေး၊ တရေးရေးနှင့်
မျှော်ငေးဘယ်ဝယ်၊ အတွေးကြွယ်ဆဲ
ရေလယ်တစ်ကြော၊ လှေငယ်မျှောသည်
လူရောတက်ရော မပါချေ။
❀ ပြောရင်းဆိုရင်း၊ လှေတစ်စင်း
အားတင်းမာန်ဖြာ၊ လူတော့ပါ၏
ဘယ်မှာလည်းတက်၊ ခရီးဆက်လည်း
စိတ်လက်ပျက်ဖွယ်၊ သည်လှေငယ်
ငြိတွယ်အထောင့်၊ လမ်းမဖြောင့်။
❀ ခရီးအဆက်၊ ကမ်းတစ်ဖက်
လှော်တက်ကိုကိုင်၊ လူကထိုင်လို့
လက်မှိုင်ချလျက်၊ လှေမထွက်။
❀ လှေနှင့်လူနှင့်၊ အခါသင့်လျက်
အခွင့်လည်းကြုံ၊ တက်ရွက်စုံပေါ့
စွမ်းဟုန်မပြတ်၊ လှော်ကာခတ်မှ
မှန်းရပ်ဦးတည် ပန်းတိုင်ဆီ
လိုရာခရီး ရောက်နိုင်မည်။ ။



## မာနမြေမှာ

❀ အို . . . စံပယ်ပန်း
မဆန်းမလှ၊ ဖြူလွလွနှင့်
ဘဝကြုံလင့်၊ ဂုဏ်မတင့်။
❀ အလှလွှမ်းခြုံ၊ စွမ်းအားဂုဏ်နှင့်
ရောင်စုံယှက်သန်း၊ ငါလျှင်ပန်းပါ
မနွမ်းသည့်မူ၊ မာနထူ၍
စက္ကူပန်းက ဆိုလေသည်။
❀ နေခြည်အလိုက်၊ လေပြည်တိုက်သော်
ပန်းကြိုက်သည့်ခင်၊ နမ်းရှိုက်ငင်၍
ပန်ဆင်ရှင်လန်း၊ စံပယ်ပန်း။
❀ မွှေးနံ့မကြူ၊ မနွမ်းမူဟု
စက္ကူပန်းလှ၊ မျက်ရည်စနှင့်
အလှမာန်ပျောက် သွေ့ခြောက်ခြောက်။

www.burmeseclassic.com

www.burmeseclassic.com



## မျှော်ဝင်ခြင်း

❀ ပွဲတို့ရင်ဆိုင်၊ ငါကနိုင်တော့
ပြိုင်ဘက်တို့အား၊ ဂုဏ်ဝင့်ကြွားလျက်
ပလွှားမောက်မာ၊ ခထောက်ညွှာဘဲ
ငါငါအတ္တ၊ မာန်မာနနှင့်။
❀ ပွဲတို့ရင်ဆိုင်၊ ငါမနိုင်တော့
ပြိုင်ဘက်တို့အား၊ အမုန်းပွားရှ်
ရှုံးစကားဖွဲ့ကူ၊ မကြည်ဖြူမိ
ပြူစုက္ကဿာ၊ အဘိဇ္ဈာနှင့်။
❀ အနိုင်အရှုံး၊ မှိုင်အပြုံးနှင့်
မဆုံးသေးမီ၊ ခရီးရှည်ဝယ်
ငါသည်ရှုယ်တင့်၊ အသိရင်ခဲ့
နှိုင်းချင့်ဝေဖန်၊ လောကဓံဟု
မှားမှန်နှိုင်းဆ၊ လှိုင်းမထတော့
ဘဝဟူသည်၊ မြဲမတည်ပေ
မြင့်ချီတစ်လှည့်၊ နိမ့်ခဲ့တစ်ခါ
သာချီတစ်ဝ၊ ကျခဲ့တစ်ဖုံ
ကြုံလိုက်ဆုံလိုက်၊ မူစရိုက်ကို
နှစ်ခြိုက်အနေ တတ်ခဲ့ပြီ။ ။



## အလှဂုဏ်

❀ ဒေါသလွန်ကဲ၊ တောနက်ထဲမှာ

ညှဉ်းဆဲသတ်ပုတ်၊ အားမာန်ထုတ်ရှ်

ကြမ်းကြုတ်နှိပ်စက်၊ စွမ်းရည်ထက်သည့်

ရက်စက်သားစား၊ မိခင်ကျားသည်

အင်အားဖွဲ့ငင်၊ သားကိုမြင်ရှ်

ချစ်ခင်ထွေးပိုက်၊ နို့ချိုတိုက်သော်

ဦးခိုက်မကုန် အလှဂုဏ်။

မေတ္တာထူးကဲ မိရိပ်မြုံ။ ။

www.burmeseclassic.com

www.burmeseclassic.com


## ချစ်သူရဲ့ ရင်ခွင်

❀ ချစ်သူရဲ့ ရင်ခွင်
ပန်းဥယျာဉ် ဆိုပါစို့။
မောင့်ဘဝ မိုးတိမ်ညို
တေးချိုချို တိတ်တခိုးနှင့်
ချစ်မိုးရွာမလို့။

❀ ချစ်သူရဲ့ ရင်ခွင်
ပန်းဥယျာဉ် ဆိုရင်ပေါ့။
မောင့်ဘဝ ပန်းပင်ငယ်
ရနံ့ကြွယ် ရင်တစ်ရှိုက်
ပွင့်လိုက်မယ်နော့။

❀ ချစ်သူရဲ့ ရင်ခွင်
ပန်းဥယျာဉ် ဆိုပါစို့။
မောင့်ဘဝ လိပ်ပြာ
အကြင်နာ ချစ်စကားနှင့်
ခိုနားချင်လို့။

❀ ချစ်သူရဲ့ ရင်ခွင်
စမ်းရေယဉ် ဆိုပါတော့။
မောင့်ဘဝ သစ်ရွက်လှေ
မတွေဝေ ချစ်စိတ်နှော
စီးမျောချင်လို့။

❀ ချစ်သူရဲ့ ရင်ခွင်
ကောင်းကင်ပြင် ဆိုပါတော့။
မောင့်ဘဝ ငှက်ညိုပြာ
တေးဆိုကာ ပျော်ရွှင်နွဲ့
ဝဲပျံမယ်နော့။

❀ ချစ်သူရဲ့ ရင်ခွင်
အမုန်း လွင်ပြင်တဲ့လား။
မောင့်ဘဝ အတွေးလွှာ
လွင်ပြင်မှာ လွင့်လွင့်လူး
လေရူးဆော့ကစား။

www.burmeseclassic.com

www.burmeseclassic.com



## မာနပြယ်ချိန်

❁ ဆည်းဆာဖျော့မှိန်၊ နေဝင်ချိန်၌
တိမ်ရောင်စုံကွန့်၊ တိမ်အညွန့်လည်း
ဇာတွန့်လှိုင်းကြွ၊ ငါမှလှပဟု
မာနဘဝင်၊ ကောင်းကင်ပြင်ဝယ်
ရွှေရင်မော့၍ ကြော့သတည်း။
❁ နေလုံးပျောက်၍
တောက်ပရောင်ရှိန်၊ သည်မိုးတိမ်သည်
မှိန်ရာမှဖျော့၊ ဖျော့ရာမှမည်း
မဲမဲခြောက်ခြောက်၊ လေပြည်နှောက်သော်
ကယောက်ကယက်၊ အလှပျက်၍
အရှက်ကြီးစွာ ရသတည်း။ ။



## အချိန်ခါနှင့် တန်ဖိုး

❁ ဘဝကို လက်တွဲ
ခက်ခဲလို့ မတည်ငြိမ်
ကျပ်တည်းချိန် တစ်ထောင်ကျပ်။
နှောင်တွယ်အရှိန် -
ချောင်လည်ချိန် ငွေတစ်သိန်းထက်
ကိန်းဂဏန်းတွေ ခုတ်ဖြတ်ချိုး
တန်ဖိုးကြီးမြတ်။
❁ ရှုမြင်လို
သူ့ပင်ကို သဘာဝအား
ထာဝရတရား ရပ်တည်နေ။
စံထိုးရန်
တန်ဖိုးမှန် မပြောင်းလဲ
ခိုင်မြဲသည့်ငွေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်မူခြား
လူသားတို့ဘဝ အတွေ့တွေ့
အခြေအနေ ချိန်ခါလိုက်။
သဘောအရမှန်
လောကဟန် တန်ဖိုးထား
နည်းများစရိုက်။ ။



## အတွေးမဲ့

❀ မထင်မှတ်ခဲ့
ရင်သပ်ရှုမော၊ ဘယ်မနောဖြင့်
ဤတောဤတောင်၊ ရစ်ဖွဲ့နှောင်လျက်
တောင်ပံဖြန့်ကြက်၊ လေဟုန်သက်၍
တက်လိုက်ဆင်းလိုက်၊ ထိုအခိုက်။
❀ မထင်မှတ်ခဲ့
မွန်းကျပ်ချုပ်တည်း၊ အချစ်ကြီးလျက်
ဖိစီးနှိပ်စက်၊ အလွမ်းရက်တို့
ပင့်သက်မွဲခြောက်၊ မှိန်ရီသောက်၍
ကမောက်ကမ၊ အဲသည်ည။
❀ မထင်မှတ်ခဲ့
ဆက်စပ်မရှိ၊ မှုန်ဝါးကြည့်လျက်

www.burmeseclassic.com

www.burmeseclassic.com

မသိကျိုးကျွံ၊ ခန္ဓာဝန်က
ရှုံ့နှံ့ညစ်ကျေး၊ သောကတေးကို
အကြွေးတုံ့ဆပ်၊ လည်ရစ်ပတ်။

❀ မထင်မှတ်ခဲ့
မြင်အပ်မြင်သင့်၊ စဉ်သဖြင့်ပေါ်
နှိုင်းချင့်လျော်ကန် ထင်မှတ်ပြန်။ ။



## ချစ်ရိပ်

❀ ချစ်စရာ
တစ်နှစ်တစ်ခါ ဘုရားပွဲ
ရွာလုံးနွဲ့ နယ်လုံးစည်။

❀ ဘယ်ရပ် အထွေထွေ
ဘယ်မြို့နေ ဘယ်မှာနား
သည်ရွာဖွား သည်အချိန်မတော့
စိတ်မငြိမ် ရွာအစွဲ
အားခဲလာသည်။

❀ ရွာမလေ့
ရွာအငွေ့စရိုက် မပျက်ပါလို့
တစ်ရှိုက်မက်မက် ခုံခုံမင်ပေါ်
ရွာဂုဏ်အင် မချို့စကောင်းပါဘူး

www.burmeseclassic.com

www.burmeseclassic.com

ငယ်ပေါင်းတို့ ပျော်ကြောင်းရည်
ပေါင်းစုညီ တွေ့ဆုံပွဲ။
❀ လူ့ဘဝ နယ်ပယ်
အတုအပ အသွယ်သွယ်နှင့်
ဘယ်ဘယ်ဝယ် အသစ်တွေဝေလို့
စနစ်တွေ ဘယ်လိုပြောင်းသော်လည်း
မပေါင်းနိုင် မွေအနှစ်ကို
စွဲချစ်အမြဲ။ ။



## ချစ်ခြင်းမဲ့ ငွေလမင်း

❀ သံယောဇဉ် နှောင်တွယ်ရစ်
အချစ်တို့တစ်ရာ
တစ်ရာသည် ဒုက္ခ။
သံယောဇဉ် နှောင်တွယ်ရစ်
အချစ်က တစ်ခုတည်း
တစ်ခုတည်း ဒုက္ခ။
❀ သံယောဇဉ် နှောင်တွယ်ရစ်
အချစ်တို့နတ္ထိ။
ချမ်းသာမှန် သောကဝေး
ငြိမ်းအေးသန္တိ။
❀ ကောင်းကင်က ငွေလမင်း
ကြယ်တစ်သင်းစုံညီ။

www.burmeseclassic.com

www.burmeseclassic.com



မြူနှင်းဇာ မှိုင်းညို့ညို့
မိုးတိမ်တို့ဖွဲ့ချည်။
အတွယ်တာကင်း
ဖယ်ခွာရှင်း ခရီးသည်
ဦးတည်ရာ ရွှေ့ရွှေ့လှမ်း။
တွေးဆမိ
အေးမြကြည် သုဘဝ
လှပငြိမ်းချမ်း။ ။



## သရုပ်ဆောင်

❀ အနှစ်ထင်
အပြစ်မမြင် သဘောအရမှာဖြင့်
အချစ်အခင် အဟောဝတရယ်ပေါ့
အသစ်ယှဉ် မနောဟာဒယမှာ
လောကဆိုတဲ့ သည်ဇာတ်ခုံ။

❀ အသောပိုင်ပိုင်
မနောပြိုင် အစဥ်မရိုးရပေဘူး
မမောနိုင် အထင်မညှိုးရအောင်
အပြောမြိုင် အသွင်တစ်မျိုးရယ်နှင့်
ကကြိုးတွေစုံ။

❀ အနွယ်ချို
အရယ်အငို အတွေးစခန်းမှာလ

www.burmeseclassic.com

www.burmeseclassic.com



မဖွယ်သလို အတွေးအကြမ်းရယ်တို့
မလွယ်သကို အပြေးအလှမ်းတွေနှင့်
အဆွေးအလွမ်း သောကကြုံ
ဤလူ့ဘုံ ရိပ်မြုံပွဲ။

❀ လူ့ဘဝ

အတုအပ အခင်မင်တို့
အနုအရွ အသွင်အပြင်စုံလို့
တုမမျှ အထင်အမြင်ရယ်ပေါ့
ရှုမဝ အဆင်ခြင်မဲ့
သမုဒယ တမင်မင်နှင့်
ငံတင်ကာ မိုက်ဇာတ်ခင်းတယ်
မှိုးလင်းနိုင်ပဲ။ ။



## ဝေဒနာ အပူ

❀ ကြိတ်အခဲတွေနှင့်
စိတ်ထဲမတော့ ရဲရဲထန်။

❀ အကောင်းအဆိုးရယ်နှင့်
အကြောင်းအကျိုး ဉာဏ်မထင်ဘူး
မာန်တွေဆင် အမှောင်ကျ
ဒေါသမီးလျှံ။

❀ တမြိုက်မြိုက်ရယ်ပေါ့
ရင်အရှိုက် ဗလောင်ဆူလို့
သည်အပူ စရိုက်ကြမ်းကို
တရားလမ်း အဖြေမှန်
အဖန်ဖန် ဉာဏ်ဖွေကြည့်။

❀ ဘဝတစ်ခုကို
အကုသိုလ်စရိုက်ဆိုးကိုလ
ဇွတ်တိုးလျှင် ကိုယ်အရင်နာလို့
မဖြေသာမှု အရှုံးတွေနှင့်
ဝေဒနာယူ မဆုံးတယ်
အပူလုံးတွေငြို။ ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ဘယာကင်းဝေး ငြိမ်းအေးမြေ

❀ အမြင့်ကြံ
အကျင့်သန် သူတော်ကောင်းတို့
ကိန်းအောင်းမွေ့ ပျော်စရာ။

❀ အတည်မကျမှောင်
သည်ဘဝ အနှောင်နှောင်နှင့်
သီလအရောင် ခေါင်အညွန့်
မြူးကွန့်ဝေဖြာ။

❀ စာဂတရားတွေနှင့်
ဒါနအများ စဉ်အလာ
မင်္ဂလာ ကျက်သရေပြည့်။

❀ ပြည်မြန်မာ
တည်စံရာ သဘာဝရယ်နှင့်
သည်အလှတွေ အန္တရာယ်ကာလို့
ကြည်မြသလေ ရန်စွယ်ခွာသမို့
ကပ်ရောဂါဘယာဝေးတယ်
မြတ်သောအရာ အလွှာမွေး
ငြိမ်းအေးပါဘိ။ ။



## လောကအလှ

❀ လောဘ ဒေါသ၊ မာန်မာနနှင့်
မောဟာအဝိဇ္ဇာ၊ အဘိဇ္ဈာတို့
ကြွသာအတ္တ၊ ဤလောကကို
အလှချိုမွှေး မနွေးထွေး။
ဘဝဆိုတေး မငြိမ်းအေး။

❀ မေတ္တာကရုဏာ၊ မုဒိတာနှင့်
ဥပေက္ခာထု၊ အမှန်ရှု၍
လှူရပ်နယ်ခွင်၊ အလှဆင်သော်
ကြည်လင်ချိုမွှေး စိမ်းလန်းနွေး၊
ပီပြင်ဆိုတေး ငြိမ်းချမ်းအေး။ ။

www.burmeseclassic.com